# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈၂)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ကြာသပတေးနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သော စိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။

**ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတကာဖိုရမ်

**စာမျက်နှာ ၇ ကော်လံ ၁ ➤**



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပစဉ်။

## တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော်

**စာမျက်နှာ ၈ ကော်လံ ၁ ❐**



တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပစဉ်။

## ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြ



**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ရေပြင်မီးငြိမ်းသတ်ရေးနှင့်ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ တောင်သမန်အင်းရေပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး

**စာမျက်နှာ ၁၁ ကော်လံ ၁ ●**


**ရက် ၁၀၀ စီမံချက်နှင့် နှလုံးရောဂါအန္တရာယ် ကြိုတင်ကာကွယ်ခြင်း** စာ - ၂၆ သို့

**Clean ၊ Green နှင့် Smart City တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများ** စာ - ၁၃ သို့



### မိုးကြီးမည့်သတိပေးချက်

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင်လ ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊

**စာမျက်နှာ ၁၇ ကော်လံ ၁ ⊃**




## ဓနုဖြူမြို့နယ်၌ ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြ



**ဓနုဖြူ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင်လ ၇ ရက်က တမြာကျေးရွာအုပ်စု ပေါ်ဦးစုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းက တက်ရောက်လာကြသည့်တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တမြာကျေးရွာအုပ်စု ပေါ်ဦးစုကျေးရွာ ကွင်းအမှတ် (၆၁/က) ဦးပိုင်အမှတ် (၉၇/ယ) ရှိ

**စာမျက်နှာ ၁၁ ကော်လံ ၄ ❍**

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၉ ရက်)

## ကုန်ထုတ်လုပ်မှုများ မြင့်မားလာစေရေးအလေးထား

မြန်မာနိုင်ငံသည် သဘာဝမှပေးထားသည့်ရေခံမြေခံကောင်းများစွာပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာပိုင်ဆိုင်ထားသည့်အတွက် ရေထွက်ပစ္စည်းများပိုမိုထုတ်လုပ်တင်ပို့ခြင်းများအပါအဝင် အခြားထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် အဆင့်မြှင့်တင်ဆန်းသစ်ထုတ်လုပ်၍ ဈေးကွက်သို့တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအဆင့်ဖြင့်တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှတစ်ဆင့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်ကနိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ လက်ရှိကာလအတွင်း မည်ကဲ့သို့ကောင်းအောင်ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ်ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လုပ်ငန်းများအောင်မြင်ရေးအတွက် အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ဆောင်ခြင်းဖြစ်သည်။ ဒေသများဖွံ့ဖြိုးမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းများဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၇ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“မိမိတို့နိုင်ငံသည် စပါးကိုအဓိကစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး ဆန်စပါးကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့် ဖွဲနုများမှ ဖွဲနုဆီများကိုထုတ်လုပ်ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဖွဲနုဆီများထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အရည်အသွေးပြည့်မီသည့်ဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီစက်များဖြင့် ကြိတ်ခွဲနိုင်ရေး နိုင်ငံတော်မှပံ့ပိုးဆောင်ရွက်သွားရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်းစားသုံးဆီများဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်းစသည့် ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်။ ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်လာစေရေး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်သည့်အားပေးကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပြီး နိုင်ငံအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအားများမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းများကြောင့်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ရခြင်းသည်လည်း ငွေကြေးတန်ဖိုးပြောင်းလဲမှုများကြောင့်ဖြစ်သည့်အကျိုးဆက်များကြောင့်ပင်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် ဆောင်ရွက်ရန်မဖြစ်မနေလိုအပ်ပြီး ထုတ်ကုန်ပစ္စည်းများ တိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့် ရရှိသည့်နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကိုတင်သွင်းနိုင်မည်ဖြစ်သည်။ နိုင်ငံ၏ဝင်ငွေနှင့်ထွက်ငွေများ မျှတနေမှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သည်။

မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတိုးတက်အောင် သုတေသနပြုလုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်များအထိ(Supply Chain) တစ်ခုလုံးကို သုတေသနပြုဆောင်ရွက်သွားရန်လိုသည်။ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပို့ကုန်များအရေအတွက်များများထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ခြင်း၊ လုပ်ငန်းရှင်များကလည်း ကြိုးစားဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံ၏အဓိကသီးနှံဖြစ်သည့် ဆန်နှင့်အခြားစိုက်ပျိုးသီးနှံများပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်းခြင်းဖြင့် နိုင်ငံ့စီးပွားတိုးပွားရေးဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးပို့ကုန်များအရေအတွက်များများ ထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် အခြေခံစားကုန်များဖြစ်သည့် အသား၊ ငါးနှင့် မီးဖိုချောင်သုံးသီးနှံများကို ဈေးကွက်လိုအပ်ချက်အများအပြားရှိနေသည်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အဆိုပါဈေးကွက်များသို့တင်ပို့ရောင်းချနိုင်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှစိတ်ကောင်းစေတနာကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ဆားငန်ဒဏ်ခံစပါးမျိုးများ စိုက်ပျိုးခြင်းနည်းပညာပေးဆွေးနွေး

မြိတ် ဇူလိုင် ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိစိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ ဇူလိုင်လ ၈ ရက်တွင် ပင်လယ်ရေငန်ဝင်ရောက်နိုင်သည့် ဧရိယာများအတွင်း ဆားငန်ဒဏ်ခံစပါးမျိုးများ စိုက်ပျိုးခြင်းနည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနခြံ(မြောင်းမြ)တာဝန်ခံ ဒေါက်တာဖြူပြာလွင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပင်လယ်ရေငန်ဝင်ရောက်နိုင်သည့် ဧရိယာများရှိ တောင်သူများအား ဆားငန်ဒဏ်ခံစပါးမျိုးများပေးအပ်ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနခြံ(မြောင်းမြ)တာဝန်ခံ ဒေါက်တာဖြူပြာလွင်က ဆားငန်ဒဏ်ခံမျိုးစပါးများ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ တောင်သူလယ်သမားများအား နည်းပညာပေးဆွေးနွေးပို့ချသည်။

အဆိုပါဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနခြံ(မြောင်းမြ) တာဝန်ခံ ဒေါက်တာဖြူပြာလွင်(မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)

## ပျဉ်းမနားမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(ဦးကျေး)၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင်လ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကိုစိုက်ပျိုးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သစ်ပင်စိုက်ပျိုးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ စိန်ပန်း၊ မဲဇလီစသည့် သစ်မျိုး(၆)မျိုး စုစုပေါင်းအပင် ၁၂၁၀ ကို စိုက်ပျိုးကြကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၉:၂၀ ကျန်းမာသုတ
၄။ ၁၁:၁၅ ပြည်သူ့ကြားက ပြည်သူ့စကား
၅။ ၁၁:၂၅ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
၆။ ၁၂:၅၀ သီချင်းလက်ဆောင်
၇။ ၁၃:၅၀ တစ်ချိန်ကသူတို့အကြောင်း
၈။ ၁၇:၃၅ ကျင့်ကြံပွားများ လိုက်နာစရာ (၃၈)ဖြာမင်္ဂလာ
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မင်္ဂလာရှိတဲ့အရပ် အပိုင်း(၁) သရုပ်ဆောင်-မြင့်မြတ်၊ အေးဝတ်ရည်သောင်း၊ နေဒွေး၊ နှယ်ဒါလီထွန်း ဒါရိုက်တာ-ဩရသ**

---

MWD Variety Channel

၉-၇-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၁၀:၃၀ ဖန်တီးသူတို့အနုပညာ
၂။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများ မြှင့်တင်စို့
၃။ ၁၂:၂၀ Variety Choice
၄။ ၁၆:၅၀ သတိမမူ ဂူမမြင်

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၇-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

Online Newspaper

the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အိမ်မဲမြို့နယ်၌ စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



အိမ်မဲ ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲ မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖို ဆောင်သီးနှံ ၁၀၈၁ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ လျာထားဧက ၁၀၈၁ ဧကကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါစားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"လက်ရှိ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးပါတယ်။ စိုက်ပျိုးပြီးရင်လည်း ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဈေးကွက်ဝင်တဲ့ သီးနှံနဲ့ မျိုးကောင်းမျိုးသန့်တွေကို အများဆုံးစိုက်ပျိုးတာဖြစ်ပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ဘူး၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ သဘော်သီး၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ဆလတ်၊ ချဉ်ပေါင် စသည့် ဟင်းသီးဟင်းရွက်များကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ကျေးသီးမြို့နယ် နမ့်ကစ်ကျေးရွာ၌ မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ

ကျေးသီး ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေး၊ သစ်တောသစ်ပင်စိုက်ပျိုးရာတွင် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်ချက်များဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၇ ရက်က ဝမ်ဖွီးကျေးရွာအုပ်စု နမ့်ကစ် ကျေးရွာကုန်ထုတ်လမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမွမ်းအောင်၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ပျိုးပင်များကိုပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးသီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ နမ့်ကစ်ကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာရှိ သတ်မှတ်နေရာများ၌ မဲဇလီပင် ၂၀၊ စိန်ပန်းပင် ၂၀၊ ယူကလစ်ပင် ၂၀၊ ချယ်ရီပင် ၂၀ နှင့် မျောက်ငိုပင် ၂၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ကျိုက်လတ်မြို့နယ် အမှတ်(၃) ရပ်ကွက်၌ ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

ကျိုက်လတ် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင်လ ၈ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ရာတွင် ကျိုက်လတ်မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။



အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် သဘာဝဘေး အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်စေရန် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်တွေ့ကြုံနေရသည့်လူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီဝတ်ဆင်နည်းများ၊ သဘာဝဘေးအန္တရာယ် ဒဏ်ခံရသည့်လူနာများအား ရှေးဦးသူနာပြုစုနည်းဖြင့် ကုသခြင်း၊ မြစ်ရေကြီးမြင့်လာပါက နီးစပ်ရာအရေးပေါ်စခန်းများသို့ရွှေ့ပြောင်းခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှိုင်မင်းအောင်(ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများပေးအပ်

သဲကုန်း ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(သဲကုန်း)၌ ဆရာ၊ ဆရာမများနှင့် စိုက်ပျိုးရေးအထူးပြု ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင်လ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကိုပြောကြားပြီး နတ်တလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွေးက ပညာရေးအခွင့်အလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးက မြို့နယ်အတွင်းရှိ ဆောင်ရွက်လျက်ရှိသည့်ပညာရေးလုပ်ငန်းအခြေအနေများနှင့် အခက်အခဲများအား ရှင်းလင်းတင်ပြပြီး ကျောင်းသား၊ ကျောင်းသူများက အားသာချက်/ အားနည်းချက်များကို တင်ပြရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(သဲကုန်း)မှ ဆရာ၊ ဆရာမများနှင့် စိုက်ပျိုးရေးအထူးပြု ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဝန်ထောက်ကြီးလည်း မိမိ၏မယားကို မချစ်ခင် မကြင်နာ၍ မဟုတ်၊ ဩဇာပေးတတ်သည့် ဝါသနာရှိခဲ့သည့်အပြင် မိမိဩဇာကို မငြင်းဆန် မပယ်ဝံ့သူတို့နှင့်သာလျှင် နေထိုင်ခဲ့ရခြင်းကြောင့်ဖြစ်လေသည်။ ဝန်ထောက်ကြီး သား၊ သမီးသုံးယောက်အနက် အကြီးနှင့် အလတ်သည် အမေနှင့်တူ၍ အငယ်ဆုံးမိမိရီတစ်ယောက်သာလျှင် ဖခင်၏စိတ်သဘော အနည်းငယ်ပါရှိလေသည်။

ဝန်ထောက်ကတော်ကြီးလည်း ၁၅ မိနစ်ခန့် စောင့်ဆိုင်းပြီးလျှင်–

"မိမိရီ မေမေ ၇ နာရီထိုးထိုးချင်း သောက်ရအောင် အခု ပြင်ထားပါလို့ တစ်ဆိတ်ကလေးပြောထားလိုက်ပါဦး သမီးရယ်"

"မေမေကလည်း တကတဲမှပဲ အချိန်ကျတော့ သောက်ရလိမ့်မပေါ့၊ ဖေဖေလည်းလာလုပါပြီ"

"မေမေ ရေငတ်လွန်းလို့ အာတွေတောင်ခြောက်နေလို့ပါ သမီးရယ်၊ မေမေ့ကို စိတ်မတိုပါနဲ့" ဟု မိခင်ကပြောလိုက်လျှင် မိမိရီသည် မိမိ စိတ်တိုမိသည်ကို နောင်တရ၍ ထိုးနေသည့်ဇာကို ချထားပြီးလျှင် ဖခင် လာမည့်လမ်းကိုကြည့်လျက်နေရာ ဖခင်ကိုမြင်လျှင် "ဟော ... ဖေဖေ လာပြီ မေမေရေ" ဟု မိခင်အား အားရဝမ်းသာပြောလေ၏။ ဝန်ထောက် ကတော်ကြီးလည်း ရုတ်တရက် မျက်နှာရွှင်လန်းလျက် "မိမိတို့ဖေဖေ လာရင်ဖြင့် လက်ဖက်ရည်အချိန်မကျခင် သောက်ရကောင်းပါရဲ့နော်" ဟု လင်၏ခြေသံကိုနားစိုက်လျက်နေလေ၏။

ဝန်ထောက်မင်းလည်း ငွေကွပ်၍ထားသော လမ်းလျှောက်တုတ်ကြီး ကိုကိုင်လျက် အိမ်ပေါ်သို့တက်လာရာ ရာဇဝတ်ဘက်အရာရှိကြီး တစ်ယောက်၏ ရုပလက္ခဏာနှင့် လွန်စွာပြည့်စုံသည့် လူကြီးတစ်ယောက် ဖြစ်လေသည်။ အလုံးအရပ်ထောင်ထောင်မောင်းမောင်း၊ ထွားထွား ကျိုင်းကျိုင်းရှိသည့်အပြင် မျက်နှာထားလည်း အလွန်ဆိုးပုံရလျက် နှုတ်ခမ်းမွေးတစ်ဖက်တစ်ချက်သည်လည်း မိုးမျှော်လျက်နေကြကုန်၏။

အိမ်ပေါ်သို့ရောက်လျှင် ဝန်ထောက်ကတော်ကြီးက–

"မိမိတို့ဖေဖေ"

ဝန်ထောက်ကြီးက နှုတ်ခမ်းမွေးသပ်လျက် –

"ဘာလဲ"

"ဒီကနေ့ညနေဖြင့် လက်ဖက်ရည်ခပ်စောစောလေးသောက်ကြပါ စို့နော်၊ ကျွန်မဖြင့် အာခြောက်လွန်းလို့ စကားတောင်မပြောနိုင်ဘူး"

"အို . . . ၇ နာရီထိုးလုပါပြီ၊ ထိုးတော့ သောက်တာပေါ့"ဟု နှုတ်ခမ်း မွေးသပ်လျက်ပြောသွားပြီးလျှင် တခြားအခန်းသို့ကူး၍ တံခါးကို ဆောင့်ပိတ်သွားလေ၏။

ဝန်ထောက်ကတော်ကြီးလည်း သောက်ချင်လှပြီဖြစ်၍ မိမိအလို မပြည့်သောကြောင့် ဟီးချမည်ကြံဆဲတွင် အခန်းတံခါးသည် ပြန်၍ပွင့် လာပြီးလျှင် ဝန်ထောက်မင်း၏နှုတ်ခမ်းမွေးအဖျားသည် အခန်းတွင်း သို့ဝင်လာ၍ "အခုသောက်ချင် သောက်တာပေါ့၊ ငါလည်း သွားစရာရှိသေး တယ်၊ လက်ဖက်ရည်ပွဲ ပြင်ခဲ့ပါစေဟဲ့ . . . မိမိရီ"

လက်ဖက်ရည်သောက်၍ပြီးလျှင် ဝန်ထောက်ကြီးသည် ဆေးတံ ကိုညှိ၍ အိမ်ပေါ်မှဆင်းသွားလေ၏။ ဝန်ထောက်ကတော်ကြီးက

**"လပြည့်ခါနီးသဖြင့် လမင်းလည်းသာလှသည်နှင့် မိမိရီသည် ဝင်းပေါက်သို့သွား၍ ဝင်းတံခါးကိုမှီလျက် လမ်းဘက်သို့မျက်နှာမူပြီးလျှင် 'သွားတုန်းကတော့ တစ်ရက်၊ နှစ်ရက်တည်းပါလို့ ပြောသွားပြီး ကြာလှချေ့ ကလားနော်၊ ဘာများကိစ္စထူးလို့ ဒီလောက်တောင်ကြာ နေပါလိမ့်မယ်' ဟု တစ်ယောက်တည်းစဉ်းစား၍နေစဉ် လမ်းပေါ်မှခြေသံကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ အရပ်ရှည်ရှည်နွဲ့နွဲ့နှင့် ခပ်မြန်မြန်လျှောက်လာသည့် လူတစ်ယောက်ကိုမြင်လျှင် မိမိရီသည် ရုတ်တရက် မျက်နှာရွှင်လန်း၍လာရာ တွေ့မြင်လိုသောဆန္ဒများစွာရှိ သော်လည်း မိမိတို့ဝမ်းတွင်း၌ နှစ်နှစ်ခြိုက်ခြိုက်ချစ် ကြိုက်ကြသောသူအပေါင်းတို့သည် ချစ်ခင်သည့်သူကို ရုတ်တရက်မြင်ရက ရှက်ကြောက်တတ်မြဲဖြစ်သည့် အတိုင်း လူမြင်ရမည်ကိုစိုး၍ ဝင်းထရံကွယ်ပြီးလျှင် အပေါက်မှချောင်း၍ကြည့်နေလေ၏။..."**

"မေမေချမ်းလိုက်တာသမီးရယ်၊ စောင်တစ်ထည်လောက် ထပ်ခြုံပေး ပါဦး၊ သေတ္တာထဲက စောင်သစ်များယူခြုံလို့ မိမိတို့ဖေဖေကများ ဆိုနေ ဦးမှာလား"

"မေမေကလည်း မေမေရယ် စောင်လေးခြုံတာနဲ့ ဖေဖေမဆိုပါဘူး၊ ဆိုရင် ကျွန်မက ထုတ်ပေးတယ်လို့ ပြောလိုက်တာပေါ့"

မိမိရီလည်း မိခင်ကို စောင်တစ်ထည်ထပ်၍ ခြုံပေးပြီးလျှင် "မေမေ ချမ်းသေးသလား" ဟုမေး၍ "တော်ပါပြီ သမီးရဲ့"ဟု မိခင်က ပြန်ပြော လျှင် အိမ်အောက်သို့ဆင်းသွားလေ၏။

လပြည့်ခါနီးသဖြင့် လမင်းလည်းသာလှသည်နှင့် မိမိရီသည် ဝင်းပေါက် သို့သွား၍ ဝင်းတံခါးကိုမှီလျက် လမ်းဘက်သို့မျက်နှာမူပြီးလျှင် 'သွား တုန်းကတော့ တစ်ရက်၊ နှစ်ရက်တည်းပါလို့ ပြောသွားပြီး ကြာလှချေ့ ကလားနော်၊ ဘာများကိစ္စထူးလို့ ဒီလောက်တောင်ကြာနေပါလိမ့်မယ်' ဟု တစ်ယောက်တည်းစဉ်းစား၍နေစဉ် လမ်းပေါ်မှခြေသံကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ အရပ်ရှည်ရှည်နွဲ့နွဲ့နှင့် ခပ်မြန်မြန်လျှောက်လာ သည့် လူတစ်ယောက်ကိုမြင်လျှင် မိမိရီသည် ရုတ်တရက် မျက်နှာရွှင်လန်း ၍လာရာ တွေ့မြင်လိုသောဆန္ဒများစွာရှိသော်လည်း မိမိတို့ဝမ်းတွင်း၌ နှစ်နှစ်ခြိုက်ခြိုက်ချစ်ကြိုက်ကြသော သူအပေါင်းတို့သည် ချစ်ခင်သည့် သူကို ရုတ်တရက်မြင်ရက ရှက်ကြောက်တတ်မြဲဖြစ်သည့်အတိုင်း လူမြင်ရမည်ကိုစိုး၍ ဝင်းထရံကွယ်ပြီးလျှင် အပေါက်မှချောင်း၍ကြည့် နေလေ၏။

လမ်းလျှောက်သွားသူလည်း ဝင်းပေါက်ကိုလွန်၍ လျှောက်မြဲတိုင်း လျှောက်၍သွားရာ မိမိရီသည် ဝင်းထရံပေါ်သို့ ဦးခေါင်းပြူပြီးလျှင် "ကိုထွန်းမြတ်" ဟု ခေါ်လိုက်လေသည်။

မောင်ထွန်းမြတ်လည်း ခေါ်သံကြားသဖြင့် ရုတ်တရက်လှည့်လာ ပြီးလျှင် ဝင်းနားသို့လာရာ မိမိရီကိုမြင်သဖြင့် "အလို ... မိမိရီလား၊ တစ်ယောက်တည်း ဘာများချောင်းနေသလဲ" ဟု ပြုံးရယ်၍မေးရာ–

"ရွှေလသာလွန်းလို့ အိမ်အောက်ခဏဆင်းပြီး လမ်းလျှောက်နေ တယ် ကိုထွန်းမြတ်၊ ရန်ကုန်က ဘယ်တော့တုန်းက ရောက်သလဲ"

"ဒီနေ့ညနေပဲရောက်တယ်၊ ရထားနောက်ကျနေလို့ အိမ်ကို အခုမှ သွားရမယ်၊ အစ်မကြီးဖြင့် ဆီးပြီးကြိမ်းလိမ့်ဦးမယ်ထင်တယ်"

"အစ်မကြီး နေ့လယ်ကတောင် ဒီအိမ်လာသေးတယ်၊ မဝင်ဘူးလား၊ မေမေလည်း တယ်နေမကောင်းလို့ စောင်တွေခြုံပေးထားခဲ့ရတယ်"

မောင်ထွန်းမြတ်လည်း ခေတ္တစဉ်းစား၍ ဝင်းတံခါးကိုဖွင့်၍ ဝင်လာရာ တစ်စုံတစ်ခုကိုသတိရ၍ အိတ်ထဲသို့လက်နှိုက်၍ရှာသော်လည်း ရုတ်တရက်မတွေ့သဖြင့် –

"ဘာရှာသလဲ"ဟု မိမိရီက မေးလျှင် –

"အို . . . လက်ဆောင်ကလေးတစ်ခုပါလာတယ်"ဟု ဆို၍ အိတ်မှ အထုပ်ငယ်ကလေးတစ်ခုကိုဖြေပြီးလျှင် လှပသေးသွယ်သော ရွှေကြိုး ကလေးတစ်ခုကို မိမိရီ၏လည်ပင်းသို့ စွပ်၍ပေးလေ၏။ မိမိရီလည်း လရောင်တွင် ရွှေကြိုးကိုမြင်သဖြင့် –

"ဒီဟာ ဘယ်သူ့ဖို့လဲ" ဟုမေးရာ–

"တိုက်တစ်တိုက်ရောက်တာနဲ့ ကြိုးကလေးမြင်တော့ မိမိရီကို သတိ ရလို့ ဝယ်လာခဲ့တယ်" ဟု ပြန်ပြောလျှင် –

မိမိရီသည် ရွှေကြိုးရသည်ကို ဝမ်းမြောက်သည်ထက် မိမိကို သတိရ ရှာသည်ဟုသိရသည့်အတွက် ၁၀ ဆမျှမက သာလွန်၍ဝမ်းမြောက်ပေ ၏။

အိမ်ပေါ်သို့ရောက်၍ ဝန်ထောက်ကတော်ကြီးနှင့် နှုတ်ခွန်းဆက်သ ပြီးလျှင် အိတ်မှအထုပ်နှစ်ခုကိုထုတ်ပြန်၍ တစ်ထုပ်ကိုဖြေပြီးလျှင် ဝန်ထောက်ကတော်ကြီးအား "ဒေါ်ဒေါ်နဲ့တော်တဲ့ဟာတစ်ခု ကျွန်တော် ဝယ်ခဲ့တယ်"ဟု ပြော၍ ပေးလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သနပ်ပင် ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင်လ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့်ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် သတ်မှတ်ရက်အတွင်း လုပ်ငန်းများ ပြီးစီးအောင် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ကလိုင်ကျေးရွာ၌ အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာ တွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၁၇၆ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း များ ၈၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

## ကွန်ဟိန်းမြို့နယ် ဝမ်ပတ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကွန်ဟိန်း ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ်၌ ပြည်သူများ လူမှုစီးပွား ရေးအဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ် နှင့် UID ကတ်များကို ဇူလိုင်လ ၇ရက် က ဝမ်ပတ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်း လှိုင်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းတို့က ဝမ်ပတ်ကျေးရွာအုပ်စုရှိ လွယ်ဆိုင် ကျေးရွာ၊ လုံယန်းကျေးရွာ၊ ကောင်းဆိုင်း ကျေးရွာ၊ ကောင်းဝုက်ကျေးရွာနှင့် လုပ်ခိုက်ကျေးရွာအပါအဝင် ကျေးရွာပေါင်း



ရှစ်ရွာမှ ဒေသခံတိုင်းရင်းသား ၃၀၀ ဦး တို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေး ပြီး ဒေသခံပြည်သူများထံ နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ် ပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွှန့်(ကျေးလက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပညာရေးမြှင့်တင်မှုကော်မတီနှင့်တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-13)ရှိ ပညာရေးမြှင့်တင်မှုကော်မတီဝင်များနှင့်တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်က ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအနေဖြင့် ကော်မတီ၏ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာရည်မှန်းချက်များအား အသေးစိတ်ပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်များသည် ကျယ်ပြန့်သဖြင့် ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏ဒေါက်တိုင်များဖြစ်၍ လွှတ်တော်၏ရည်မှန်းချက်တာဝန်များအောင်မြင်ခြင်း၊ တိုးတက်ခြင်းသည် ကော်မတီများအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးစနစ်အုတ်မြစ်ခိုင်မာစေအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တည်ဆဲဥပဒေများအနက် ပညာရေးမြှင့်တင်မှုကော်မတီနှင့် သက်ဆိုင်သည့်ဥပဒေကိုးခုရှိပြီး ကော်မတီအနေဖြင့်အဆိုပါဥပဒေများပြင်ဆင်နိုင်ရေး ပြန်လည်သုံးသပ်ပြီး ဦးစားပေးအဆင့်အလိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများအနက် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေကို ဦးစားပေးပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်အောင် အလေးထားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် School Survey များကောက်ယူနိုင်ရေး လွှတ်တော်အနေဖြင့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအပြင် ပညာရေးနှင့် လုပ်ငန်းခွင်ဆက်စပ်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး (Technical and Vocational Education and Training – TVET)များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားဘာသာစကားများကို အခြေခံပညာရေးမှအစပြု၍ ထည့်သွင်းသင်ကြားစေခြင်းဖြင့် တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှုရရှိကာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် စနစ်တစ်ခုကိုဖော်ဆောင်ရန် စဉ်းစားသင့်ပါကြောင်း၊ ဤကော်မတီအနေဖြင့် ဆရာ၊ ဆရာမများ၏ ခံစားခွင့်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍လည်းကောင်း အားလုံးလွှမ်းခြုံနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသည်ကိုသိရ၍ ဝမ်းသာပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပညာရေးအခန်းကဏ္ဍ အရှေ့တစ်ခုသို့ ရောက်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ပညာရေးမြှင့်တင်မှု ကော်မတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်အပေါ်သုံးသပ်၍ အသိမ်မွေ့ဆုံးနည်းလမ်းများဖြင့် အကောင်းဆုံးဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မြဝတီ

# ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဟားခါးမြို့ ပြည်ထောင်စုရိပ်သာရှိ အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ



အတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် ကျရာကဏ္ဍများတွင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ အဓိကလုပ်ငန်းတာဝန်မှာ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုရာတွင် ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ အဆောက်အအုံများပြန်လည်ပြုပြင်/တည်ဆောက်ခြင်းလုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမစနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီကို ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီနှင့်အတူ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းများပြန်လည်ဝင်ရောက်၍ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရန် လိုအပ်သည့် ရုံးအဆောက်အအုံများဆောင်ရွက်ပေးရန်လိုအပ်သည့်အခြေအနေ၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှုရှိရန်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်နိုင်ရေး၊ ဌာနအလိုက်ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် စဉ်ဆက်မပြတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် မြို့သာယာလှပရေး မြေယာရှင်းလင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



လွိုင်ကော် ဇူလိုင် ၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်စိုက်ပျိုးရေးသုတေသနခြံ၌ ရေဆင်း-၁ ပေါ်ဆန်းစပါးမျိုး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပိုက်ဆန်လျှော်အပါအဝင် ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသည့်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေကိုကြည့်ရှုပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့်မျိုးသစ်များ စဉ်ဆက်မပြတ်ဖော်ထုတ်ရန်၊ ဖြန့်ဖြူးရန်နှင့် တောင်သူများအတွက် စံပြစိုက်ခင်းဖြစ်စေရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကန္တရဝတီလမ်းပေါ်ရှိ ပန်းခြံအမှတ်(၁)၊ ကန္တရဝတီလမ်းနှင့် ခရေလမ်းထောင့်ရှိ ပန်းခြံအမှတ်(၂)၊ ကန္တရဝတီလမ်းနှင့် နွယ်နီ-၁ လမ်းထောင့်ရှိ ပန်းခြံအမှတ်(၃) တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်မြို့တော်အား သန့်ရှင်းသောမြို့၊ စိမ်းလန်းသောမြို့ဖြစ်စေရေးအတွက် ပန်းအလှပင်များအားစဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

## ၈-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ဧက ၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ဧက ၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ငရုတ်ဧက ၅၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးရာ လက်ရှိတွင် ဧက ၂၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ငရုတ်ဧက ၅၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ငရုတ်ဧက ၂၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားစိုက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒ့ါပြင် အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်ရရှိစေဖို့နဲ့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေပါတယ်။ ငရုတ်ဈေးကွက်ကောင်းမွန်တာကြောင့် တောင်သူတွေက ငရုတ်စိုက်ပျိုးရေးကို အားထားလုပ်ကိုင်လာကြပါတယ်။ ငရုတ်စိုက်တောင်သူတွေအနေနဲ့ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ကိုလည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ငရုတ်အထွက်နှုန်း တိုးတက်စေရန်၊ ဈေးကွက်ရရှိစေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်၊ အစားအစာဘေးကင်းလုံခြုံစေရေး GAP နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးရေး မြေဩဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရန် စသည့်စိုက်ပျိုးရေးနည်းပညာများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ရေကြည်မြို့နယ်၌ ဒေသထွက်စိန်တစ်လုံးသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ရေကြည် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဒေသထွက် စိန်တစ်လုံးသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ သရက်သီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချိုလွင်၏ ပြောဆိုချက်အရ သိရသည်။

ရေကြည်မြို့နယ်၌ ဒေသထွက် စိန်တစ်လုံးသရက်သီးများကို ယခုနှစ် ဇူလိုင်လပထမပတ်မှစတင်ပြီး အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ တစ်ရက်လျှင် သရက်သီးအလုံးရေ ၃၅၀၀၀ မှ ၅၅၀၀၀ ခန့်အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပါတယ်။ အခုလို ဒေသထွက်သရက်သီးတွေ ဝယ်လိုအားကောင်းလာတော့ စိုက်ပျိုးတဲ့တောင်သူတွေ၊ လုပ်သားတွေနဲ့ လက်လီလက်ကား ရောင်းချတဲ့သူတွေ အဆင်ပြေလာတာတွေ့ရတယ်"ဟု ဒေါ်ချိုချိုလွင်ကပြောသည်။

ရေကြည်မြို့နယ်၌ လက်ရှိ စိန်တစ်လုံးသရက်သီးများအပါအဝင် ဒေသထွက်သရက်သီးများ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက်သရက်သီးများ အရောင်းသွက်လာခြင်း၊ ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းနှင့် ကုန်စည်များသယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေများ ထုတ်ချေးပေး


ဒိုက်ဦး ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဗျက်ကြီးကျေးရွာ၌ သတ္တမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေများထုတ်ချေးခြင်းကို ဇူလိုင်လ ၈ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ် အိမွန်ခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ဗျက်ကြီးကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ ငွေကြေးအရင်းအနှီး၊ သွင်းအားစုများနှင့် မျိုးကောင်းမျိုးသန့်များရရှိစေရန် ရည်ရွယ်၍ ချေးငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီးနောက် ဒုတိယဦးစီးမှူးက စီမံကိန်းရန်ပုံငွေငွေကျပ် ၄၁ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကြီးကြပ်မှုကော်မတီဝင်များက ဗျက်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆၂ ဦးအတွက် ငွေကျပ် ၄၁ ဒသမ ၇ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး




# မှော်ဘီမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း(အနောက်)ခန်းမ၌ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၇ ရက်က ကျင်းပသည်။



အဆိုပါအသိပညာပေးဟောပြောပွဲတွင် မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက လူငယ်တစ်ဦးချင်းစီတွင်ရှိသင့်သည့် ဗလငါးတန်ခေါ် အင်အားငါးမျိုး ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာ့ပညာရေးနှင့် လူ့အဖွဲ့အစည်းတွင် အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ရနိုင်သမျှရှာဖွေစုဆောင်းရန်၊ မိမိပတ်ဝန်းကျင်မှ စံထားရမည့်သူများ၏ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုတို့ကို အတုယူရန်၊ မိမိဘဝအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာပြုပြင်ရန်လိုအပ်ကြောင်းတို့ကို အသိပညာပေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်ပါ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားများပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

စန်းဝင်း(ပြန်/ဆက်)

➤ ရှေ့ဖုံးမှအဆက်

တက်ရောက်ခဲ့မှုကို မှတ်တမ်းတင်ခြင်း၊ အခမဲ့မြေလွှဲပြောင်းပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းအမှုထမ်းများအား ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းခရီးစဉ်များတွင် အခမဲ့ခရီးသွားလာခွင့်ရရှိရေး၊ လေယာဉ်ခရီးစဉ်ဆွဲပေးနိုင်ရေး၊ မြောင်း၊ ချောင်းနှင့် မြစ်ကြောင်းများကို အမြန်ဆုံးပြန်လည်တူးဖော်ပေးရေး၊ ရေထိန်းတာရိုးများ၊ ရေတံခါးများပြန်လည်ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ ဘရပ်စ်မြို့တွင် ၂၁-၆-၂၀၂၆ မှ ၂၂-၆-၂၀၂၆ ထိ ကျင်းပခဲ့သည့် 2nd International Forum of the Union State "Great Heritage –Common Future" သို့ ပါဝင်တက်ရောက်ခဲ့မှုကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားမြေတွင် တည်ဆောက်ထားသော ဘောလုံးကွင်းအား အားကစားဝန်ကြီးဌာနမှ အခမဲ့မြေလွှဲပေးရန် လျှောက်ထားလာပါက လွှဲပြောင်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား၏ အင်းစိန်ဘောလုံးကွင်းကို ဝန်ထမ်းနှင့်မိသားစုဝင်များထဲမှ ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေး ယခင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘောလုံးအသင်း၏လေ့ကျင့်ရေးကွင်းနှင့် အိမ်ကွင်းအဖြစ် ဘောလုံးပွဲများ လက်ခံကျင်းပနိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများမှ နေ့ထူးနေ့မြတ်များတွင် ဝန်ထမ်းများအတွက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲ အခမ်းအနားများ ကျင်းပနိုင်ရေးတို့ကို ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာ့မီးရထားမှ ကျင်းပသည့် အားကစားပြိုင်ပွဲများ၊ အခမ်းအနားများကို အခမဲ့ဖြင့် ခွင့်ပြုဆောင်ရွက်ပေးခြင်းနှင့် ဟံသာဝတီယူနိုက်တက်ဘောလုံးအသင်းသို့ လေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းခ ၁ နှစ်လျှင် ငွေကျပ် ၄၀၀၀၀၀၀၀ ဖြင့် ငှားရမ်းခွင့်ပြုထားသဖြင့် ဌာနဝင်ငွေ ရရှိလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အားကစားရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဆိုပါက အခမဲ့အသုံးပြုခွင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံအတွင်းရှိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းခရီးစဉ်များ၌ တာဝန်ဖြင့်ဖြစ်စေ၊ မည်သည့်အကြောင်းကိစ္စဖြင့်ဖြစ်စေ အခမဲ့ခရီးသွားလာနိုင်ရေး ဦးစားပေးအဆင့်အဖြစ် စတင်စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖော်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရထားဖြင့် ယခင်က ဌာနဆိုင်ရာဝန်ထမ်းများကို ခရီးသွားလာခွင့်အမိန့် (MO)တင်ပြပါက ကျသင့်လက်မှတ်ခ၏ ၇၅ ရာခိုင်နှုန်း ကောက်ခံသော်လည်း ၁-၉-၂၀၁၆ ရက်မှစ၍ ကျသင့်လက်မှတ်ခ ၁၀၀ ရာခိုင်နှုန်းပြည့်ကောက်ခံဆောင်ရွက်ခဲ့ရပါကြောင်း။

လေကြောင်းခရီးစဉ်အနေဖြင့်လေကြောင်းလိုင်းများသည် ၎င်းတို့ ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုဖြင့် ရပ်တည်နေရသည့် လုပ်ငန်းများဖြစ်သည့်အပြင် မြန်မာအမျိုးသားလေကြောင်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်လျက်ရှိသည့် လေကြောင်းလိုင်းဖြစ်ပြီး လေကြောင်းလိုင်းမှရရှိသည့်ဝင်ငွေဖြင့်သာ ရပ်တည်နေရသည့်လုပ်ငန်းဖြစ်ပါကြောင်း။

ခရီးစရိတ်နှုန်းထားနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများအတွက် ယာဉ်စီးခနှုန်းထားများအား ယခင်နှုန်းထားဟောင်းအတိုင်း မဟုတ်ဘဲ ဒေသန္တရနှုန်းထားများဖြင့်ကုန်ကျသည့်ခရီးစရိတ်ကို ခံစားခွင့်ပြုလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်အရ ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းဖြင့် ခရီးသွားလာခြင်းများအတွက် အမှန်ကုန်ကျစရိတ်ကို ပြန်လည်တင်ပြတောင်းခံလာပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၊ သက်ဆိုင်ရာဌာန၏ သာမန်အသုံးစရိတ်မှ ကျခံ၍ ပြန်လည်ထုတ်ပေးခြင်းဖြစ်သဖြင့် ထိုဝန်ထမ်းများ၏ ခရီးစရိတ်အား နိုင်ငံတော်မှ ကျခံပေးခြင်းပင်ဖြစ်ပါကြောင်း။

ထို့ပြင် တာဝန်ဖြင့်ခရီးသွားသည့်ဝန်ထမ်းများအတွက် ခရီးသွားနေ့တွက်စရိတ်အား တစ်ရက်လျှင် ကျပ် ၄၈၀၀ နှုန်းဖြင့်လည်းကောင်း၊ တည်းခိုစရိတ်နှုန်းထားများကို ရာထူး အဆင့်အလိုက်နှင့် မြို့အလိုက်ခွဲခြား၍လည်းကောင်း သတ်မှတ်ခံစားခွင့်ကို မြန်မာနိုင်ငံ ခရီးစရိတ်နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ခံစားခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လှိုင်ကော်မှ ရန်ကုန်သို့ အသွားအပြန် ခရီးစဉ်ရပ်နားထားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းအား မည်သည့်အချိန်နှင့် မည်သို့သော နှုန်းထားများဖြင့် ကောက်ခံ၍ ပြေးဆွဲပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လှိုင်ကော်လေယာဉ်ကွင်း ထိခိုက်ပျက်စီးမှုများ ပြုပြင်ခြင်းကို ယခုအခါဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းတွင် လေယာဉ်ဆင်းသက်အသုံးပြုရန်အဆင်သင့်ရှိနေသဖြင့်လေယာဉ်ဆင်း၊ တက်မှုအတွက် လေယာဉ်ကွင်းဖွင့်လှစ်ထားရှိပါကြောင်း။

ယခုအခါ ကယားပြည်နယ်အစိုးရမှ မြန်မာအမျိုးသားလေကြောင်းလိုင်းအား လှိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ အသွား၊ အပြန် လေယာဉ်ခရီးစဉ်များ ပြန်လည်ဆင်း၊ တက်ပြေးဆွဲနိုင်ရေးနှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်နိုင်သည့်အနေအထားရှိသည်ဟု ပြန်ကြားချက်ရရှိပြီးဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လေယာဉ်ပြေးဆွဲရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်ပြေးဆွဲ ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့ အင်လှိုင်ချောင်းနှင့် မြို့အတွင်းရှိ ချောင်းတောင်ချောင်းအား အမြန်ဆုံးပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့ကရိတ်မြို့ ချောင်းတောင်ချောင်းအတွင်း ပိတ်ဆို့နေသော သောင်ခုံများ၏ အခြေအနေကို လာမည့်ပွင့်လင်းရာသီတွင် ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ် ခရုတုတ်(အရှေ့ရွာ) မြောက်ဘက်တွင်ရှိသော ပန်းလောင်မြစ်နံရံနှင့် မြစ်ရေထိန်းတာရိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်သားမြို့နယ် ခရုတုတ်အရှေ့နှင့် ခရုတုတ် အနောက်ကျေးရွာနှစ်ခုအား ကမ်းပြိုမှုမှကာကွယ်နိုင်ရန် စုစုပေါင်း အလျား ပေ ၂၄၀၀ ခန့်ကို ကွန်ကရစ်ပိုင်တိုင်အခြေပြုကျောက်ဖြည့်မြေထိန်းနံရံဖြင့် တည်ဆောက်ကာကွယ်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၅၀ သန်းခန့်ဖြစ်ပါကြောင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အသေးစိတ်တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပန်းလောင်မြစ်ကမ်းပြိုကာကွယ်ရေးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ငယ်၊ ချောင်းငယ်တစ်ခုဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့ အမှတ် ၂ မြောင်းမှ ထမ္မနိုင်ကျေးရွာထိ မြောင်းသည် တိမ်ကောနေပါသဖြင့် ပြန်လည်တူးဖော်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်က ကော့မှူးမြို့နယ် အမှတ် (၂) မြောင်းကူးတံတားမှ ထမ္မနိုင်ကျေးရွာအထိ အလျားပေ ၁၅၉၀၀ ခန့်အား ပြန်လည်နုန်းဆယ်တူးဖော်ပေးခြင်းဖြင့် ကော့မှူး –ဝါးဘလောက်သောက်ကားလမ်းမကြီး ဝဲ/ယာရှိ လယ်မြေ ဧက ၆၅၀ အား မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးရာသီတွင် ရေချိုပိုမိုသွင်းယူ၍ နွေစပါး ၄၄၉ ဧက တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကော့မှူးမြို့ အမှတ် (၂) မြောင်းမှ ထမ္မနိုင်ကျေးရွာထိမြောင်းအား ပြန်လည်နုန်းဆယ်တူးဖော်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှဦးအောင်ဇော်လင်း၏ **သနပ်ပင်မြို့နယ် မင်းရွာကျောင်းစုကျေးရွာအုပ်စုရှိ ကြာဖြူရိုးတိမ်ကောနေမှုအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သနပ်ပင်မြို့နယ် ကြာဖြူရိုးချောင်းသည် အလျား ၃ ဒသမ ၅ မိုင်ခန့်ရှည်လျား၍ တောင်သူများအတွက် အရေးပါသည့် ရိုးချောင်းတစ်ခုဖြစ်ပါကြောင်း။

ကြာဖြူရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော်လည်း တူးဖော်ခဲ့သည့်ကာလမှာ ကြာမြင့်ပြီဖြစ်ခြင်း၊ ချောင်းတစ်လျှောက် သဲနုန်းပို့ချမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် တိမ်ကောလျက်ရှိသဖြင့် ကြာဖြူရိုးချောင်းအား ပြန်လည်တူးဖော်ရန်လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကြာဖြူရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင်တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ်ရှိရေငန်တားရေတံခါးများ ပျက်စီးနေမှုနှင့် ဆည်မြောင်းရေတံခါး လုံခြုံရေးတို့အတွက် ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီတိုင်းဒေသကြီး ငပုတောဒေသသည် ပင်လယ်နှင့်ဆက်စပ်နေသဖြင့် ရေငန်ဝင်ရောက်သောဒေသဖြစ်ပြီး မိုးစပါးစိုက်ပျိုးမှုအောင်မြင်စေရန်အတွက် အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာ၊ မကျီးပင်-မဒေ့ါကန်တာနှင့် သစ်ပုတ်ထိပ်ရေငန်တားတာတို့ကို တည်ဆောက်ထားပါကြောင်း၊ အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာတွင် စုစုပေါင်းရေတံခါး ၁၃ လုံးမှ စိုက်ပျိုးမြေဧက ၂၈၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါကြောင်း။

ယခုအခါ ကျွန်းပတ်တာများရှိရေတံခါးအဆောက်အအုံများ၏ ရေတံခါးရွက်များမှာ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းခြင်း၊ ရေလုံသားရေပြားများ ယိုယွင်းပျက်စီး၍ ရေစိမ့်ထွက်ခြင်း၊ ဂီယာအုံများ ပျက်စီးယိုယွင်းခြင်းတို့ဖြစ်ပေါ်နေ၍ ပြုပြင်ရန်လိုအပ်လျက်ရှိသည့်အခြေအနေဖြစ်ပါကြောင်း။

ရေတံခါး ၁၃ လုံးအနက်မှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် အလယ်ကျွန်း ၁ တာရှိ ရေတံခါး ၁ လုံးကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့်လည်းကောင်း၊ အလယ်ကျွန်း ၃ တာရှိ ရေတံခါး ၂ လုံးကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ပြုပြင်ရန်ကျန်ရှိသော ရေတံခါး ၁၀ လုံးကို နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဦးစားပေးအလိုက် ပြည်ထောင်စုရန်ပုံငွေ/တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ်သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ရေတံခါးများအဖွင့်အပိတ်လွယ်ကူစေရန် ဆေးသုတ်ခြင်း၊ ဆီထိုးခြင်း၊ ရေတံခါးအဝင်/ အထွက်မြောင်းများတွင် အမှိုက်များ၊ မြက်ပင်၊ ချုံပင်များရှင်းလင်းခြင်းလုပ်ငန်းများကို သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် နှစ်စဉ်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်အတွင်းရှိထိန်တပင်-ဝင်းကဒက်ချောင်း ၁၇/၄ မိုင်ပြန်လည်တူးဖော်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဝေါမြို့နယ် ထိန်တပင်-ဝင်းကဒက်ချောင်းသည် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သော အလျား ၁၇ မိုင် ၄ ဖာလုံ ရှည်လျားသည့် ချောင်းတစ်ခုဖြစ်ပါကြောင်း၊ ထိန်တပင်-ဝင်းကဒက်ချောင်းတိမ်ကောနေ၍ ကျေးရွာအုပ်စု ၇ အုပ်စုရှိ လယ်မြေ ဧက ၉၅၀၀ ခန့် ရေကြီးနစ်မြုပ်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ စိုက်ဧကလျော့နည်းခြင်းများဖြစ်ပေါ်လျက်ရှိသောကြောင့် ချောင်းတူးဖော်ခြင်းနှင့်ရေငန်တားရေထိန်းတံခါးတစ်ခုတည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်-ဝင်းကဒက်ချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးလုပ်ငန်းအလိုက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက်လည်း အသေးစိတ်စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဆက်လက်လျာထားစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ရေထွက်ပစ္စည်းများတိုးချဲ့မွေးမြူမည့်စီမံချက်၊ တန်ဖိုးမြှင့်ပစ္စည်း (Value Added) ပြုလုပ်မည့်အစီအစဉ်နှင့် ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်းထုတ်လုပ်မှုလျာထားချက်၊ ငါးနှစ်တစ်ကြိမ်ထုတ်လုပ်မှု အစီအမံ စသည်တို့အား မည်သို့တိုးချဲ့**

**စာမျက်နှာ ၈ သို့ ➤**

➤ **စာမျက်နှာ ၇ မှအဆက်**

**ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက မြန်မာနိုင်ငံ၏ ရေသတ္တဝါ ငါးမွေးမြူရေးလုပ်ငန်းအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ စီမံကြီးကြပ်ကွပ်ကဲခြင်း၊ ငါးသားပေါက် လိုအပ်ချက်များအပေါ် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးခြင်း၊ သဘာဝငါးသယံဇာတ များပေါများစေရေးအတွက်ငါးမျိုးစိုက်ထည့် ပေးခြင်းနှင့်နည်းပညာအကူအညီပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း ထုတ်လုပ်မှုတိုးတက်စေရေးဆောင် ရွက်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဈေးကွက်အသစ်များရှာဖွေခြင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ခြင်း၊ သွင်းကုန်အစား ထိုးလုပ်ငန်းများကို အားပေးခြင်း၊ တန်ဖိုး မြှင့်ထုတ်ကုန်များကို ဦးစားပေးထုတ်လုပ် ခြင်း၊ စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါ ကြောင်း။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ အားတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ် လျက်ရှိသည့် စက်ရုံ ၁၁ ရုံရှိပြီး တန်ဖိုးမြှင့် ထုတ်ကုန် ၁၃ မျိုးအား နိုင်ငံတကာ ဈေးကွက်သို့ ထုတ်လုပ်တင်ပို့လျက်ရှိပါ ကြောင်း၊ မြန်မာနိုင်ငံမှ တန်ဖိုးမြှင့်ထုတ်ကုန် များအပါအဝင် ရေထွက်ကုန်ပစ္စည်းများ အား အီးယူနိုင်ငံများ၊ ပင်လယ်ကွေ့ဒေသ နိုင်ငံများ၊ တရုတ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်သို့တင်ပို့ လျက်ရှိပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက် မည့် ဧရိယာများအတွက် လိုအပ်သည့် သွင်းအားစုများရရှိနိုင်ရေးအတွက် ဒေသ အတွင်းမှာ ရရှိနိုင်သည့် အစာကုန်ကြမ်းများ အသုံးပြုမွေးမြူထုတ်လုပ်နိုင်ရေးနည်းပညာ ပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများ ရရှိနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ မွေးမြူရေးမြေနေရာလိုအပ်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် မွေးမြူ ရေးဇုန်များ ဖော်ဆောင်နိုင်ရေးဆောင်ရွက် ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ငါး၊ ပုစွန်မွေးကန်များတိုးချဲ့မွေးမြူနိုင်ခြင်း ဖြင့် ဒေသတွင်း ငါးရိက္ခာဖူလုံစေမည့်အပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒ နယ်မှ ဒေါက်တာရွှေပြည်စိုးက **"အခွန်စနစ် နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင် ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ်ဘားကုတ်စနစ်သုံးအဲဂျစ်တယ် (အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီ အလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်းတင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည် ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာအသုံးပြု နိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြု အဆို"**ကိုတင်သွင်းရာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ)နေရှိုင်းက ထောက်ခံ ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့်ဆွေးနွေး လိုသည့် ကိုယ်စားလှယ်ရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက် နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင်လ ၁၀ ရက် တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။ **မြဝတီ**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်**

❒ **ရှေ့ဖုံးမှအဆက်**

ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက် နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေး သို့ ၂၀၅ ဦး တက်ရောက်သဖြင့် ထက်ဝက် ကျော်သည့်အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြု ချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၃)ဦးမောင်စိန်၏ **တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ဒေသ အုန်းပင်ကွင်းကျေးရွာ အုပ်စုနှင့်သဲချောင်းကျေးရွာအုပ်စုအကြားရှိ အလျား ၂၅ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေ ရှိသော ကျေးရွာချင်းဆက် တံတားမှာ ပြိုကျပျက်စီးလာပါ သဖြင့် RC သံကူကွန် ကရစ်တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါတံတားသည် ရေဖြူမြို့နယ် ကံပေါက်ဒေသ သဲချောင်း ကျေးရွာအုပ်စု သဲချောင်း-သပွတ်ချောင်း ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲ သည့် လမ်းပိုင်းတွင် ပါဝင်ပါကြောင်း၊ ယင်းလမ်းပိုင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း ၃မိုင် ၂ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါတံတားနေရာသို့ ဌာနဆိုင်ရာ ဝန်ထမ်းများသွားရောက်၍ အသေးစိတ် ကွင်းဆင်းစိစစ်ရန် လတ်တလောလုံခြုံရေး အခြေအနေအရ ခက်ခဲလျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါ RC သံကူကွန် ကရစ်တံတား ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန် မှသာ မြေပြင်ကွင်းဆင်းစိစစ်၍ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး ပြည်ထောင်စု/ တိုင်းဒေသကြီးရန်ပုံငွေဖြင့် နီးစပ်ရာ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခဲချိန်၏ **စစ်ကိုင်းတိုင်းဒေသကြီးနှင့်ကချင် ပြည်နယ်ရှိ နမ္မတီး-တနိုင်း-ပန်ဆောင် (လီဒို)လမ်း၊ နန်းယွန်း-ပန်ဆောင်ကြားမှ နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် လမ်းပိုင်း (၁၇/၀)မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း ၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နန်းယွန်း - ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်း သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်း ၁၉၅မိုင် ၁ ဖာလုံရှိသော [National Highway-အမှတ်(၄၉)] လမ်းတွင် ပါဝင်ပါကြောင်း၊ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၎င်းလမ်းပိုင်းသည် မြို့နယ် ချင်းဆက်လမ်းဖြစ်၍ ၂၀၁၆ ခုနှစ်တွင် မိုင်တိုင်အမှတ် ၀/၀ မှ ၁၂/၀ အထိနှင့် မိုင်တိုင်အမှတ် ၂၉/၀ မှ ၃၅/၀ အထိ၊ စုစုပေါင်း ၁၈/၀ မိုင်အား ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် မိုင်တိုင်အမှတ် ၁၂/၀ မှ ၂၉/၀ ထိ ၁၇/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန က ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းယွန်း- ပန်ဆောင်၃၅/၀မိုင်လမ်းပိုင်းသည်ဆောက် လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း- ပန်ဆောင်(လီဒို) လမ်းပိုင်းတွင်ပါဝင်ခြင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချိတ်ဆက်ဆောင် ရွက်မည့်လမ်းဖြစ်ပြီး ကုန်စည်စီးဆင်းမှု အတွက် တန်ချိန်များပြားသည့် ယာဉ်ကြီး များဖြတ်သန်းသွားလာမည်ဖြစ်၍ လမ်းပိုင်း ၏ သတ်မှတ်ချက်အဆင့်နှင့်သင့်လျော် သည့် လမ်း/တံတားလုပ်ငန်းများအဆင့်မြှင့် တင်ဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်း ရယူဆောင်ရွက်သင့်ကြောင်းကို စိစစ် တွေ့ရှိရပါကြောင်း၊ သို့ပါ၍ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး သဘောတူညီ ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉)ဒေါက်တာ နိုင်လင်း ၏ **ကယားပြည်နယ်တွင် ကာလရှည်ကြာ စွာ စစ်ဘေးဒဏ်များ ခံစားခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးအတွက်နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍မဟာဗျူဟာစီမံကိန်းများ ချမှတ် ရေးဆွဲပြီး အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန် ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ သန်းစိုးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကယားပြည်နယ်အတွင်း ယာယီနေရပ် စွန့်ခွာသူများအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၄၉ သန်းကျော်အား ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘာဝ ဘေးစီမံခန့်ခွဲရန်ပုံငွေသို့ လွှဲပြောင်းပေးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် နေရပ်စွန့်ခွာသူများသို့ ထောက်ပံ့ပေးခဲ့ပါ ကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရန်ပုံငွေ မှ ငွေကျပ် ၉၃၆ သန်းကျော်ကို ပညာရေး ဝန်ကြီးဌာနသို့လွှဲပြောင်းပေးခဲ့ပြီး ကယား ပြည်နယ်အစိုးရအဖွဲ့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီး ဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကယား ပြည်နယ် စစ်ဘေးရှောင်များအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးနေအိမ်များအတွက် သတ်မှတ်ထောက်ပံ့ကြေး၊ မိသားစုသုံး ပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်း များစသည်တို့ကို ထောက်ပံ့ထားရှိမှုသည် စုစုပေါင်း ငွေကျပ် ၇၃၆ သန်းခန့် ဖြစ်ပါ ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ထိခိုက် လွယ်အုပ်စုဝင် ၆၅၉၂ ဦးတို့အား တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၁၉၇ ဒသမ ၇၆ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့အတူ ကယားပြည်နယ် အစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ ငွေကျပ် ၁၇ ဒသမ ၉၅၇ သန်း၊ ဆန်အိတ် (၄၁၂)အိတ်၊ ဆီ(၄၃၆)ပိဿာကိုလည်း ကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆန်အိတ်(၇၄၀)၊ ဆီ (၉၂၄) ပိဿာကိုလည်း ကောင်း ထောက်ပံ့ခဲ့ပါကြောင်း။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း များရရှိစေရေးအတွက် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ စက်မှုကြီးကြပ် ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊လူမှုဝန်ထမ်း ဦးစီးဌာနတို့အနေဖြင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းများ၊ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ စက်ချုပ်နည်းပညာသင်တန်းများကို ဘဏ္ဍာ ရေးနှစ်အလိုက် ဖွင့်လှစ်သင်ကြားပေး လျက်ရှိပြီး ဒေသတွင်းအသေးစားလုပ်ငန်း အဖြစ် ထူထောင်လိုပါက လုပ်ငန်းလိုင်စင် လျှောက်ထားပေးခြင်း၊ ထုတ်ကုန်များအား ဈေးကွက်ရရှိရေးနှင့် ဓာတ်ခွဲစစ်ဆေးပေး ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း။

ထို့ပြင် ပုဂ္ဂလိက စက်မှုလုပ်ငန်း (၂၇၉)ခု အား မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် မြို့တွင်းလည်ပတ်နေသည့် ပုဂ္ဂလိကစက်မှု လုပ်ငန်း (၇၇)ခု၊ လွိုင်ကော်စက်မှုဇုန်တွင် လည်ပတ်နေသည့်လုပ်ငန်း (၉)ခုတို့တွင် ဒေသတွင်းလုပ်သားများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက် ရှိပါကြောင်း။

ခရီးသွားလုပ်ငန်းများ အရှိန်အဟုန် ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဟိုတယ်/တည်းခိုရိပ်သာများ ပြန်လည် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ယခုအခါ ဟိုတယ်(၃)လုံးနှင့် စည်ပင် တည်းခိုခန်း(၇)လုံး ပြန်လည်ဖွင့်လှစ်ထား ရှိပြီးဖြစ်ပါကြောင်း၊ သွားရောက်လည်ပတ် နိုင်သည့် ခရီးစဉ်ဒေသ(၁၂)ခုသို့ သွားရောက် လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီး ဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသရှိလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အတွက် ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)သင်တန်း နှင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် ဟိုတယ် ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၃)မျိုးကို လည်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ ပါကြောင်း။

အခြားစီးပွားရေးကဏ္ဍများအရှိန်အဟုန် ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးကဏ္ဍများ၌ သမဝါယမအသင်း (၁၅)သင်း၊ တောင်သူ (၃၉၂)ဦးကို ငွေကျပ် ၃၁၀ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက် ရန်အတွက် ငွေကျပ် ၃၆၉ ဒသမ ၅ သန်း၊ တောင်သူအစုအဖွဲ့(၁၆၉)ဖွဲ့၊ တောင်သူ (၁၄၅၁)ဦး၊ လယ်မြေ(၁၉၁၃၄ ဒသမ ၅)ဧက အတွက် ငွေကျပ် ၄၁၂၄ ဒသမ ၆၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါးမွေးမြူ ရေးကဏ္ဍအနေဖြင့်လည်း ငွေကျပ် ၃၀၁ သန်းနှင့် ကြက်၊ ဝက် နှင့် ဒေသန္တရ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် နိုင်ရန်အတွက် ငွေကျပ် ၂၂၆၀ ဒသမ ၄ သန်း ကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း စိုက်ပျိုးရေးတောင်သူ (၅၇၇)ဦး၊ စိုက်ဧက (၅၅၈ ဒသမ ၇)ဧကအတွက် ချေးငွေကျပ် ၂၇၉၃ ဒသမ ၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေမှထပ်မံထုတ်ချေးပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း ၍ သက်ဆိုင်ရာဒေသ၏ ပထဝီဝင် ရေမြေ အနေအထား၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရရှိနိုင်သော ဒေသအရင်းအမြစ်များနှင့် နိုင်ငံ၏ လက်ရှိအနေအထားပေါ်မူတည်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ **စာမျက်နှာ ၉ သို့** ❒

❒ စာမျက်နှာ ၈ မှအဆက်

ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက် ဦးစီးဦးဆောင်၍ စီမံကိန်း/စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် မဟာဗျူဟာစီမံကိန်းများ ပူးပေါင်းရေးဆွဲဆောင်ရွက်မှုမရှိပါကြောင်း၊ သို့သော် အဆိုပါ စီမံကိန်း/စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းတာဝန်(Mandated)များအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၉) ဒေါ်သိင်္ဂီဝင်းရွှေ၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်တွင် စစ်ဘေးဒဏ်ကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိမိတို့မြို့ပေါ်တွင် ပြန်လည်အခြေချနေထိုင်လျက်ရှိကြသော စစ်ဘေးရှောင်ပြည်သူများအား နိုင်ငံတော်အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် နေထိုင်မှုအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နယ်မြေအခြေအနေကြောင့် နေရပ်စွန့်ခွာနေထိုင်ရသူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိထောက်ပံ့ပေးခဲ့ရာ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၁၈၃၃၆ ဒသမ ၄၈ သန်းထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည်နေထိုင်လျက်ရှိကြသူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲ၊ မိုးကာစနှင့်တာပေါ်လင်လိပ်များကိုလည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများ၊ နယ်မြေတည်ငြိမ်အေးချမ်းလာသဖြင့်ပြန်လည်နေထိုင်သူများ၊ ပျက်စီးနေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၅၃ သန်းကျော် ထောက်ပံ့ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကောလင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်များအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံ စသည့် အစားအစာ ရိက္ခာများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်းငွေကျပ် ၂၀၃၃ ဒသမ ၃၁ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သူများအနေဖြင့် ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် ထောက်ပံ့မှုမကျန်ရှိစေရေးတို့အတွက် ပြန်လည်ရောက်ရှိနေထိုင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက စာရင်းများတင်ပြလာပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သတ်မှတ်နှုန်းထား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန်နှင့်အမျိုးသားလွှတ်တော်က ယခုတင်ပြချက်ဖြင့် ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲများမှ အပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန်တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထားရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက် ၃၀ ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၅) ဦးမျိုးမင်းနောင်က အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်ကိုပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များစနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်စွာအစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံက အခွန်စနစ်သည် ဝင်ငွေကောက်ခံရေးစနစ်တစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူအကြား ယုံကြည်မှုကိုတည်ဆောက်ပေးသော ယန္တရားတစ်ခုလည်းဖြစ်ပါကြောင်း၊ အခွန်စီမံခန့်ခွဲရေးကဏ္ဍအတွင်း အဂတိလိုက်စားမှုများဖြစ်ပေါ်လာပါက နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးရုံသာမက ဥပဒေကိုလိုက်နာသော အခွန်ထမ်းများအပေါ် မမျှတမှုများဖြစ်ပေါ်စေပြီး ပြည်သူများ၏ အခွန်စနစ်အပေါ် ယုံကြည်မှုကိုလည်း လျော့နည်းစေပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်သတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများကို လွယ်ကူစွာမသိရှိရခြင်းသည် အဂတိဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း။

အခွန်တွက်ချက်မှုဆိုင်ရာ စံနှုန်းများ၊ နှုန်းထားများနှင့်တွက်ချက်ပုံများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးပြီး အခွန်ထမ်းတိုင်း မိမိအမှန်တကယ်ပေးဆောင်ရမည့် အခွန်ပမာဏကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို ကုမ္ပဏီများသာမက တစ်ဦးချင်းအခွန်ထမ်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများပါ အလွယ်တကူအသုံးပြုနိုင်စေရန်အတွက် အသုံးပြုနည်းများကို ပိုမိုရိုးရှင်းအောင် ပြင်ဆင်သင့်ပါကြောင်း။

အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနိုင်စွမ်းကို စဉ်ဆက်မပြတ်မြှင့်တင်ပေးသင့်သကဲ့သို့ အခွန်ထမ်းများအတွက်လည်း အခွန်ဥပဒေနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများအသုံးပြုနည်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းများအတွက် ယုံကြည်ရသော အခွန်စနစ်တစ်ရပ်ဖြစ်ပေါ်လာပါက နိုင်ငံတော်၏ အခွန်ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်းက အခွန်ကောက်ခံမှုစနစ်ကို ဒစ်ဂျစ်တယ်စနစ်သို့ ရာနှုန်းပြည့် ပြောင်းလဲ(Digitalization & E-Tax System)ပါက ပြည်သူများ အခွန်ရုံးသို့ လူကိုယ်တိုင်သွားရောက်ရန်မလိုအပ်ဘဲ မိုဘိုင်းဖုန်း သို့မဟုတ် ဝက်ဆိုက် (Web Portal) မှတစ်ဆင့် အလွယ်တကူ အခွန်တွက်ချက်ခြင်းနှင့် ပေးဆောင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည့် Mobile Tax Application ကို ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့်ချိတ်ဆက်(E-Payment Integration)ပါက အခွန်ငွေများကို ငွေသား (Cash) ဖြင့် ကောက်ခံခြင်းထက် ဘဏ်စနစ် (Mobile Banking, iBanking, QR Code Payment) များဖြင့်သာ တိုက်ရိုက်ပေးဆောင်စေသည့် စနစ်ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းပြည်သူများ၏ အခွန်ငွေများသည် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ တိုက်ရိုက်၊ ချက်ချင်းနှင့် ရာနှုန်းပြည့်ရောက်ရှိစေမည်ဖြစ်ပါကြောင်း။

အခွန်နှုန်းထားနှင့် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင်လျှော့ချ (Simplification of Tax Code)ပါက သမားရိုးကျလုပ်ငန်းရှင်များနှင့် ပြည်သူများ နားမလည်နိုင်သည့် ရှုပ်ထွေးသော အခွန်တွက်ချက်မှုပုံသေနည်းများကို ရိုးရှင်းလွယ်ကူအောင် ပြင်ဆင်ပြီး အခွန်အမျိုးအစားများ တစ်နေရာတည်းတွင် တစ်ပါတည်းပေးဆောင်နိုင်မည့် One Stop Service (OSS) များကို မြို့နယ်အဆင့်အထိ ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် အခွန်ပေးဆောင်ခြင်းကို ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ဂုဏ်ယူစရာတာဝန်တစ်ခုအဖြစ် ခံယူလာနိုင်ပြီး အခွန်ရှောင်လိုစိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

စောင့်ကြည့်စစ်ဆေးရေးစနစ် ထူထောင်ရန်(Transparency & Feedback Mechanism) လိုအပ်ပါကြောင်း၊ ပြည်သူများတိုက်ရိုက်တိုင်ကြားနိုင်မည့် အွန်လိုင်းအဂတိတိုင်ကြားမှုစနစ် (Online Complaint Portal) ထားရှိမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်က ပြည်သူများသည် နိုင်ငံတော်၏အခွန်ကို အပြည့်အဝပေးဆောင်ချင်ကြသော်လည်း လက်ရှိရှုပ်ထွေးနေသည့် အခွန်ထည့်သည့်စနစ်များကြောင့် နိုင်ငံတော်အခွန်များ နစ်နာထိခိုက်မှုများကြုံတွေ့နေရပါကြောင်း၊ ပြည်ထောင်စုအခွန်အကောက်စနစ်အား ခေတ်နှင့်လျော်ညီစွာ လွယ်ကူသည့် One Stop Service ဖြင့်ဆောင်ရွက်ပြုပြင်ပေးစေလိုပါကြောင်း၊ အစိုးရဝန်ထမ်းများ အဂတိတရားကင်းစင်မှသာ ဝန်ထမ်းကောင်းများဖြစ်လာပြီး အစိုးရကောင်းတစ်ရပ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါ်နေဘ်ဖလောရင့်ဒယ်နီက အဂတိဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် အပ်နှံထားသော အာဏာ၊ ရာထူး(သို့မဟုတ်) လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းဖြစ်ပါကြောင်း၊ အဂတိတရားများပြားသောနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းနည်းပါးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ အဂတိတိုက်ဖျက်ရေးကို အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူရမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများကို လက်မခံသော ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်မှသာ သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အဂတိနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို လုံခြုံစိတ်ချစွာ လက်ခံနိုင်သည့် စနစ်များတည်ဆောက်ရန်လည်း လိုအပ်ပါကြောင်း၊ သတင်းပေးတိုင်ကြားသူများကို ဥပဒေအရအကာအကွယ်ပေးနိုင်မှသာ အဂတိများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးသည်စီးပွားရေးမူဝါဒကောင်းများချမှတ်ခြင်းကဲ့သို့ပင် အရေးကြီးသော ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိတရားကို တိုက်ဖျက်ရာတွင် ပြစ်ဒဏ်ပေးခြင်းတစ်ရပ်တည်းဖြင့်မလုံလောက်ဘဲ ကာကွယ်တားဆီးရေးနှင့် အသိပညာပေးရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိတရားတိုက်ဖျက်ရေးသည် ဥပဒေစိုးမိုးရေးကိစ္စတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦးက နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များစနစ်တကျကောက်ခံရရှိရေးသည် အဓိကကျသည့်အတွက် ပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည်ဖြစ်သကဲ့သို့ ရရှိသောအခွန်များကို အစိုးရအနေဖြင့် နိုင်ငံတော်အတွက်ပြန်လည်အသုံးပြုရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူများထံမှ အခွန်များကောက်ခံရာတွင် ယခင်က သတ်မှတ်ထားသော အခွန်နှုန်းထားများသည် ခေတ်ကာလနှင့် မညီညွတ်သည့်အတွက် ယနေ့ခေတ်ကာလနှင့် ကိုက်ညီသော အခွန်နှုန်းထားများသို့ ပြောင်းလဲ၍ ကောက်ခံသင့်ပါကြောင်း။

အခွန်တိမ်းရှောင်သူများကြောင့် ရသင့်ရထိုက်သည့် အခွန်များမရရှိဘဲ အဂတိကြောင့် နိုင်ငံတော်တွင် အခွန်ဝင်ငွေများ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း၊ အဂတိကင်းရှင်းအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေတိုးတက်လာမည်ဖြစ်သောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က မြန်မာနိုင်ငံတွင် အခွန်စနစ်ပိုမိုအားကောင်းလာစေရန်နှင့် အဂတိလိုက်စားမှုကို ထိရောက်စွာလျှော့ချနိုင်ရေးသည်

**စာမျက်နှာ ၁၀ သို့ ❒**

❒ စာမျက်နှာ ၉ မှအဆက်

ရေရှည်တည်ဆောက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး အပြန်အလှန်ချိတ်ဆက်နေသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အခွန်ကောက်ခံမှု စနစ်တကျမရှိလျှင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေပိုများပြီး အဂတိများနေပါက နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ငွေများ ဆုံးရှုံးနေမည်ဖြစ်ပါကြောင်း။

နည်းပညာသုံး အခွန်စနစ်သို့ ပြောင်းလဲခြင်း (Digitialization) သည် လူနှင့်လူ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကို လျှော့ချခြင်းဖြင့် အဂတိတရားကို တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်လိုသူများ အနေဖြင့် အခွန်ရုံးများကို ကိုယ်တိုင်သွားစရာမလိုဘဲ Online မှ ပွင့်လင်းမြင်သာစွာ တွက်ချက်၍ Electronic စနစ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်နှုန်းထားများနှင့် အခွန်ကင်းလွတ်ခွင့်များကို ရှုပ်ထွေးမှုမရှိစေဘဲ ရှင်းလင်းလွယ်ကူအောင်ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဝန်ထမ်းများက မိမိသဘောအတိုင်း ဆုံးဖြတ်နိုင်ခွင့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ကောက်ခံရရှိသော အခွန်ငွေကို မည်သည့်နေရာများတွင် ပြန်လည်အသုံးပြုနေသည်ကို ပြည်သူလူထု သိသာမြင်သာအောင် အစီရင်ခံစာထုတ်ပြန်ပေးခြင်းသည် ပြည်သူလူထုအား အခွန်ပေးဆောင်လိုစိတ်ကို မြှင့်တင်ပေးနိုင်ပြီး အစိုးရအပေါ် ယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင်လ ၁၀ ရက်တွင်ကျင်းပမည့် ၁၅ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇူလိုင်လ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

အမျိုးသားလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်)သင်တန်းဖွင့်လှစ်

မုံရွာ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးရှိ သင်တန်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စက်ချုပ်နည်းပညာသင်တန်း (အဆင့်မြင့်) သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး၊(ပြန်/ဆက်)။

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၀–၇–၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာန အဆိုရှင်များ စုပေါင်း၍ **“အချစ်ညရင်ခုန်သံ”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**(၁၀–၇–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “အချစ်ညရင်ခုန်သံ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | နေနိုင်သူရေ | ဌာနအဆိုရှင် |
| ၂။ | ပန်းမခူးရ | ပြင်ပအဆိုရှင် |
| ၃။ | အချစ်ညရင်ခုန်သံ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | ခရေလမ်းဒိုင်ယာရီ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | စိတ်ရဲ့အရိပ် | ပြင်ပအဆိုရှင် |
| ၆။ | ကျွန်တော်နှင့်အသည်းနှလုံး | ပြင်ပအဆိုရှင် |
| ၇။ | ရက်စက်တယ် | ပြင်ပအဆိုရှင် |
| ၈။ | လုံလောက်ပြီ | ပြင်ပအဆိုရှင် |
| ၉။ | နင်စေရင် | ပြင်ပအဆိုရှင် |
| ၁၀။ | ပို၍ | ပြင်ပအဆိုရှင် |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၁˚C |
| ရန်ကုန် | ၂၆˚C | / | ၂၈˚C |
| မန္တလေး | ၂၆˚C | / | ၃၃˚C |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၈-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၆၅၀,၀၂၆.၁၄ | ၁၂,၁၇၇,၆၂၂.၁၉ | ၆၇,၈၅၈,၁၆၅.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂၂၀၈.၀၀ ကို ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ယခုဘဏ္ဍာရေးနှစ် ဇွန်လတစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းနှစ်သောင်းကျော်တင်ပို့ထား

ရန်ကုန် ဇူလိုင် ၈

ယခုဘဏ္ဍာရေးနှစ်ဇွန်လတစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းနှစ်သောင်းကျော် တင်ပို့ထားပြီး ယခင်လကထက် တန်ချိန်တစ်သိန်းနီးပါး ပိုမိုတင်ပို့ထားကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် ဇွန်လတစ်လတာအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့သည့်ကုမ္ပဏီ ၄၇ ခုမှဆန်နှင့်ဆန်ကွဲ ၂၃၇၁၄ တန်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ဆန်နှင့်ဆန်ကွဲကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့ခြင်းဖြစ်ပြီး ဇွန်လအတွင်း ဆန် ၁၄၅၈၉၄ တန်နှင့် ဆန်ကွဲတန်ချိန် ၇၇၈၂၀ ကို တင်ပို့နိုင်ခဲ့သည်။ ပြီးခဲ့သည့် မေလက စုစုပေါင်း ဆန် ၅၇၈၅၈ တန်နှင့် ဆန်ကွဲ ၇၈၄၀၄ တန် တင်ပို့နိုင်ခဲ့သည်။

ထို့ပြင်ပြီးခဲ့သည့်မေလက ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၃ သန်းရရှိပြီး ဇွန်လက ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၇၄သန်းရရှိကြောင်း၊ နိုင်ငံအလိုက် ဆန်တင်ပို့ရာတွင် ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ပိုလန်၊ နယ်သာလန်၊ စပိန်၊ တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံသို့တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဆန်ကွဲကိုတရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဘယ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ အီတလီနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံသို့တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ဝါဝါ



# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေးအမှတ်စဉ် ၁/၂၀၂၆ ကျင်းပ




**နေပြည်တော် ဇူလိုင် ၈**

တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၆ ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ ရပ်ကွက်နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Cluster – 1, Bluding(6)ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီရုံး၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၁၆၄ ဦးအား တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ/မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၁၃ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ (၁) အရ ထိုက်သင့်သည့်အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးက ဘဏ်ရှေ့နေခန့်ထားနိုင်ရေး အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးနိုင်ပါရန် လျှောက်ထားသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် လစ်လပ်လျက်ရှိသည့် အဖွဲ့ဝင်နှစ်ဦးနေရာ၊ ဒုတိယဥက္ကဋ္ဌနေရာတို့အတွက် ဆွေးနွေးဆုံးဖြတ်သည့်ကိစ္စ၊ ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၁ (ခ)၊ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၁၅ တို့ကို ပြင်ဆင်နိုင်ရေးနှင့် နည်းဥပဒေ ၁ (ဂ)၏နောက်တွင် နည်းဥပဒေ ၁ (ဃ) ကို ဖြည့်စွက်ရန်ကိစ္စ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးပို့ခဲ့သည့် တိုင်ကြားစာများအား မှတ်တမ်းတင်ရန်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ပြင်းထန်စွာသတိပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များ အမိန့်မိတ္တူများနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ရန်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး



**နေပြည်တော် ဇူလိုင် ၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ CPU အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်အချက်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက်ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့်အစီအစဉ်များအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အစီအစဉ်များအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၁/၂၀၂၆ ကို ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါးနှင့် နွေစပါး အစီအစဉ်၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) အစီအစဉ်နှင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone–REZ) အစီအစဉ်များအတွက် ငွေကျပ် ၃၇၂ ဒသမ ၃၆ ဘီလီယံ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးလေးခုတို့၌ ဆိုလာစနစ်အပါအဝင် ဆောင်ရွက်မည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၃၈၀ အတွက် ငွေကျပ် ၁ ဒသမ ၉၄၄ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍတွင် အရင်းမပျောက်မတည်ငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် နှစ်တိုနှစ်ရှည် မွေးမြူရေးလုပ်ငန်းအစီအစဉ်များကို ငွေကျပ် ၅၁ ဒသမ ၂၁ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင်တိုင်းဒေသကြီး ခြောက်ခုတွင် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) အလက်ရေ ၁ ဒသမ ၂၃ သိန်း ထုတ်လုပ်မှုအတွက် လိုအပ်မည့်ရန်ပုံငွေကျပ် ၃၀ ဒသမ ၂၄ ဘီလီယံကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ



● ရှေ့ဖုံးမှအဆက်

တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦး၏ ရေပြင်မီးငြှိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရေဘေးသဏ္ဌာန်တူလေ့ကျင့်ခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏(၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

○ ခနေဖြူမှ

တောင်သူဦးသီဟမောင်မောင်၏လယ်မြေ ၁၀ ဧက၌ မော်ဘီ–၃ စပါးမျိုးကို ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြသည်။

အခမ်းအနားသို့ ခနေဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဒေသခံတောင်သူများတက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးမှုအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမအတွင်း မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား သွေးအမျိုးအစားစစ်ဆေးဆောင်ရွက်ပေးနေမှု၊ မြို့နယ်အဆင့် (၅) ဦး ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာစိစစ်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများက နိုင်ငံသားကတ်ပြားထုတ်ပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်သည်။

ထို့နောက် လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး (One Stop Service)ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင်ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအား စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်များဝေငှပေးကြသည်။

ဝန်ကြီးဌာနအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ်ပြား မရရှိသေးသူများ၊ ပျောက်ဆုံး/ပျက်စီးသူများအားသက်ဆိုင်ရာမြို့နယ်ရုံးများ၌လည်းကောင်း၊ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာကျောင်းများသို့ကွင်းဆင်း၍လည်းကောင်း လမင်းစီမံချက်ဖြင့် နိုင်ငံတစ်ဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# “ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့” အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၈

အလုပ်သမားဝန်ကြီးဌာန၏ “ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့” အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ ပုဂ္ဂလိကဘဏ်များ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)နှင့် မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MOEAA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးကအမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ထောင့်တစ်နေရာထောက်ပံ့ပေးနိုင်သော မိသားစုလွှဲပို့ငွေရရှိအောင်အကောင်းဆုံးစွမ်းဆောင်ပေးသည့်ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ(၁၀)ခုကို ဂုဏ်ပြုလက်မှတ်များချီးမြှင့်ပေးအပ်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုမရှိစေရေးနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် ပြည်တွင်း/ပြည်ပလုပ်သားဈေးကွက်မြှင့်တင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပို့ငွေမှတစ်ဆင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စသည်တို့ကိုသက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများက ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ကင်းထောက်ကြီးများနှင့်တွေ့ဆုံပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကင်းထောက်ကြီးများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်အမျိုးသား/ အမျိုးသမီးကြီးများ၊ လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ကင်းထောက်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# လူငယ်နှင့် အနာဂတ်နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် “လူငယ်နှင့် အနာဂတ်နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ ဝိဇ္ဇာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အသိပညာပေးဟောပြောပွဲတွင် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီးက အသိပညာပေးဟောပြောမည့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်နိုင်ဦးကို ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် “လူငယ်နှင့် အနာဂတ်နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသူများကသိရှိလိုသည်များမေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# Clean ၊ Green နှင့် Smart City တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများ

မောင်စည်ပင်(နေပြည်တော်)

၂၁ ရာစု မြို့ပြဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် လူဦးရေတိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ သယံဇာတရှားပါးမှုနှင့် မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာစိန်ခေါ်မှုများသည် ကမ္ဘာတစ်ဝန်းရှိ အစိုးရများအတွက် ကြီးမားသောဝန်ထုပ်ဝန်ပိုးများဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ၏ခန့်မှန်းချက်များအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြမည်ဖြစ်ရာ သမားရိုးကျ မြို့ပြစီမံခန့်ခွဲမှုပုံစံများဖြင့် အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိတော့မည်မဟုတ်ပါ။ ဤစိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်ရန်အတွက် Clean (သန့်ရှင်းသော)၊ Green (စိမ်းလန်းသော) နှင့် Smart (စမတ်ကျသော) မြို့ပြသဘောတရားများကို ပေါင်းစပ်အကောင်အထည်ဖော်ခြင်းသည် ရွေးချယ်စရာတစ်ခုမဟုတ်ဘဲ မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်လာသည်။

မြို့ပြများတိုးတက်လာခြင်းသည် လူသားတို့၏ယဉ်ကျေးမှုနှင့် စီးပွားရေးမြင့်မားလာမှုကို ဖော်ပြသော်လည်း တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ လေထုညစ်ညမ်းမှုနှင့် ဆင်းရဲမှုပြဿနာများကို ဖြစ်ပေါ်စေသည်။ ရိုးရာမြို့ပြစီမံခန့်ခွဲမှုစနစ်များသည် များပြားလှသောလူဦးရေ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိတော့ဘဲ လျှပ်စစ်စွမ်းအင်မလုံလောက်မှု၊ ရေပြတ်လပ်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကို စဉ်ဆက်မပြတ်ရင်ဆိုင်နေရသည်။ ထို့ကြောင့် ကမ္ဘာ့ခေါင်းဆောင်များနှင့် မြို့ပြစီမံကိန်းပညာရှင်များသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ပတ်ဝန်းကျင်နှင့်လျော်ညီသော မြို့ပြမော်ဒယ်အသစ်များကို ရှာဖွေခဲ့ကြသည်။

ထိုရှာဖွေမှုများ၏ ရလဒ်အဖြစ် Clean၊ Green နှင့် Smart City ဟူသော မဟာဗျူဟာမြောက် သဘောတရားပေါ်ထွက်လာခြင်းဖြစ်သည်။ သန့်ရှင်းမှုသည် မြို့ပြ၏ကျန်းမာရေးနှင့် သာယာလှပမှုကိုအာမခံပြီး စိမ်းလန်းမှုသည် ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချကာ ဂေဟစနစ်ကို ထိန်းသိမ်းပေးသည်။ စမတ်ကျမှုသည် နည်းပညာ၊ အင်တာနက်နှင့် ဉာဏ်ရည်တု (AI) တို့ကို အသုံးပြု၍ မြို့ပြစီမံခန့်ခွဲမှုယန္တရားတစ်ခုလုံးကို ထိရောက်မြန်ဆန်အောင် မောင်းနှင်ပေးသည့်မဏ္ဍိုင်ဖြစ်သည်။ ဤသုံးရပ်ပေါင်းစပ်ခြင်းဖြင့်သာ ပြီးပြည့်စုံသော အနာဂတ်မြို့ပြကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**နိုင်ငံရေးဆိုင်ရာ အကျိုးကျေးဇူးများ**

သန့်ရှင်း၊ စိမ်းလန်းပြီး စမတ်ကျသော မြို့ပြစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် အစိုးရတစ်ရပ်နှင့် နိုင်ငံတော်အတွက် နိုင်ငံရေးအရ အောက်ပါအခြေခံအကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည် –

(က) **နိုင်ငံတကာမျက်နှာစာတွင် ပုံရိပ်ကောင်းမွန်လာခြင်းနှင့် Soft Power မြှင့်တင်နိုင်ခြင်း။** ခေတ်မီဆန်းသစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသော မြို့ပြများကို ပိုင်ဆိုင်ထားသည့် နိုင်ငံများသည် ကမ္ဘာ့ဇာတ်ခုံတွင် နည်းပညာနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ ခေါင်းဆောင်များအဖြစ် အသိအမှတ်ပြုခံရသည်။ ၎င်းသည် နိုင်ငံ၏ သံတမန်ရေးရာကဏ္ဍတွင် ဩဇာတိက္ကမ (Soft Power) ကို တိုးတက်စေပြီး နိုင်ငံတကာအစည်းအဝေးများနှင့် ဆွေးနွေးပွဲများတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ခွင့်ရရှိစေသည်။ ကမ္ဘာ့အဆင့်မီမြို့ပြ ပြပွဲများ၊ ရာသီဥတုဆိုင်ရာ ညီလာခံများကို လက်ခံကျင်းပနိုင်ခြင်းဖြင့် နိုင်ငံ၏သံတမန်ရေးရာ လွှမ်းမိုးမှုကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

( ခ ) **ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များ (SDGs) နှင့် ကိုက်ညီမှုရှိခြင်း။** ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) အထူးသဖြင့် ပန်းတိုင် ၁၁ (Sustainable Cities and Communities) နှင့် ပန်းတိုင် ၁၃ (Climate Action) တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ရာရောက်သဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးဘဏ်များ (ဥပမာ– ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်) တို့၏ထောက်ခံမှုနှင့် ကူညီပံ့ပိုးမှုများကို ပိုမိုရရှိစေသည်။ ထို့ပြင် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့မှ ပေးအပ်သော Green Grants များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေများကို လွယ်ကူစွာလျှောက်ထားရယူနိုင်မည်ဖြစ်သည်။

( ဂ ) **ပြည်သူလူထု၏ အစိုးရအပေါ် ယုံကြည်မှု တိုးတက်လာခြင်း။** သန့်ရှင်းသော ပတ်ဝန်းကျင်၊ ထိရောက်သော အများပြည်သူပို့ဆောင်ရေးစနစ်နှင့် မြန်ဆန်သော ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို ခံစားရသည့်အခါ ပြည်သူများသည် အစိုးရ၏ စီမံခန့်ခွဲမှုစွမ်းရည်အပေါ် ယုံကြည်ကိုးစားမှုပိုမိုမြင့်မားလာသည်။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံအကြား ပွင့်လင်းမြင်သာမှုရှိသော ဒစ်ဂျစ်တယ်စနစ်များမှတစ်ဆင့် ဆက်သွယ်နိုင်ခြင်းကြောင့် အကျင့်ပျက်ခြစားမှုများ လျော့နည်းသွားပြီး ဒီမိုကရေစီယဉ်ကျေးမှုနှင့် နိုင်ငံရေးတည်ငြိမ်မှုကို ပိုမိုခိုင်မာစေသည်။

**စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများ**

Clean၊ Green နှင့် Smart City များသည် ရေရှည်တည်တံ့သော စီးပွားရေးအဆောက်အအုံကို တည်ဆောက်ပေးနိုင်ပြီး နိုင်ငံ့စီးပွားရေးကို အရှိန်အဟုန်ဖြင့် မောင်းနှင်နိုင်သည် –

(က) **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ဆွဲဆောင်နိုင်ခြင်း။** ကမ္ဘာ့အဆင့်မီနည်းပညာအခြေခံအဆောက်အအုံနှင့် သန့်ရှင်းသောလူနေမှုပတ်ဝန်းကျင်ရှိသည့် မြို့များသို့ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများနှင့် နည်းပညာကုမ္ပဏီများ အလွယ်တကူ စီးဝင်လာကြသည်။ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ဝန်ထမ်းများအတွက် ကောင်းမွန်သော လူနေမှုဘဝနှင့် လုံခြုံစိတ်ချရသော ဆိုက်ဘာပတ်ဝန်းကျင်ရှိသည့် မြို့များကိုသာ အဓိကရွေးချယ်ကြသဖြင့် စမတ်စီးတီးများသည် FDI စီးဝင်ရာ အဓိကဗဟိုချက်များဖြစ်လာသည်။

( ခ ) **အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ခြင်း။** ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ အိုင်တီနှင့် Software ဖွံ့ဖြိုးမှုကဏ္ဍ၊ စမတ်အခြေခံအဆောက်အအုံထိန်းသိမ်းမှုကဏ္ဍနှင့် စိမ်းလန်းသော စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများအတွက် အရည်အသွေးမြင့်မားသော အလုပ်အကိုင်အခွင့်အလမ်း သောင်းနှင့်ချီ၍ ပေါ်ထွက်လာသည်။ ယင်းကဏ္ဍများသည် လူငယ်များအတွက် အနာဂတ် အလားအလာကောင်းသော နည်းပညာအခြေပြု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖြစ်ထွန်းစေသည်။

( ဂ ) **စက်ဝိုင်းပုံစီးပွားရေး (Circular Economy) နှင့် ကုန်ကျစရိတ်လျှော့ချခြင်း။** စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုသည့် Circular Economy စနစ်ကို အသုံးပြုခြင်းဖြင့် ကုန်ကြမ်းထုတ်ယူမှုစရိတ်များကို လျှော့ချနိုင်သည်။ စမတ်အာရုံခံကိရိယာများ (Smart Sensors) အသုံးပြု၍ ရေနှင့် လျှပ်စစ်ဖြန့်ဖြူးမှုကို ထိန်းချုပ်ခြင်းကြောင့် လေလွင့်ဆုံးရှုံးမှုများကို အနည်းဆုံးအဆင့်သို့လျှော့ချနိုင်ပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ အထွေထွေကုန်ကျစရိတ်များကို သက်သာစေသည်။



ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သည် စိမ်းလန်းသောစွမ်းအင်၊ လေစွမ်းအင်နှင့် စက်ဘီးစီးယဉ်ကျေးမှုကို ထူးခြားစွာမြှင့်တင်ဆောင်ရွက်ခဲ့မှုပုံ။

**ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအကျိုးကျေးဇူးများ**

အမျိုးသားလုံခြုံရေးနှင့် မြို့ပြပြည်သူများ၏ ဘေးကင်းလုံခြုံရေးသည် Smart City ၏ အဓိကမဏ္ဍိုင်ကြီးတစ်ခုဖြစ်သည်–

(က) **နည်းပညာမြင့်ရာဇဝတ်မှုကာကွယ်ရေးစနစ်။** AI အခြေပြု CCTV ကင်မရာများ၊ မျက်နှာမှတ်မိခြင်းစနစ် (Facial Recognition) နှင့် အလိုအလျောက်အချက်ပေးစနစ်များကြောင့် ရာဇဝတ်မှုများကို ကြိုတင်ကာကွယ်နိုင်ပြီး ပြစ်မှုကျူးလွန်သူများကို လျင်မြန်စွာဖော်ထုတ်နိုင်သည်။ မြို့ပြရဲတပ်ဖွဲ့အနေဖြင့် အရေးပေါ် အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရမည့်အချိန် (Response Time) ကို မိနစ်ပိုင်းအတွင်းသို့ လျှော့ချနိုင်မည်ဖြစ်ပြီး မှုခင်းကျဆင်းရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်သည်။

( ခ ) **ဆိုက်ဘာလုံခြုံရေးမြှင့်တင်ခြင်း။** Smart City များသည် ဒေတာအခြေခံစနစ်များဖြစ်သဖြင့် ခိုင်မာသောဆိုက်ဘာကာကွယ်ရေးစနစ်များကို မဖြစ်မနေတည်ဆောက်ရသည်။ ယင်းသည် နိုင်ငံတော်အဆင့် အရေးကြီးအခြေခံအဆောက်အအုံများကို ဆိုက်ဘာတိုက်ခိုက်မှုများမှ ကာကွယ်ပေးနိုင်ရုံမျှမက ပြည်သူများ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှုကိုလည်း စနစ်တကျအာမခံချက်ပေးနိုင်မည်ဖြစ်သည်။

( ဂ ) **မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်စီမံခန့်ခွဲမှု။** စမတ်အာရုံခံကိရိယာများသည် မြို့ပြအတွင်း အပူချိန်လွန်ကဲမှု၊ ရေကြီးရေလျှံမှုနှင့် ငလျင်လှုပ်ခတ်မှုအန္တရာယ်များကို စက္ကန့်ပိုင်းအတွင်းသိရှိနိုင်သဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်သူများကို ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်သည်။ ယင်းကြောင့် ဘေးအန္တရာယ်များအတွင်း သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုနှုန်းကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။

**အုပ်ချုပ်ရေးဆိုင်ရာ အကျိုးကျေးဇူးများ**

မြို့ပြစီမံခန့်ခွဲမှုယန္တရားကို ခေတ်မီဆန်းသစ်စေခြင်းဖြင့် အစိုးရ၏လုပ်ဆောင်နိုင်စွမ်းကို အပြည့်အဝမြှင့်တင်ပေးနိုင်သည်–

(က) **အီလက်ထရွန်နစ်အစိုးရစနစ် (E-Governance) ထွန်းကားလာခြင်း။** ပြည်သူများသည် ရုံးဌာနများသို့ လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲ မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် ဝန်ဆောင်မှုများကို ရယူနိုင်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာ

**စာမျက်နှာ ၁၄ သို့ ■**



တောင်ကိုရီးယားနိုင်ငံ ဆောင်ဒိုမြို့သည် အိမ်တိုင်းတွင် အမှိုက်များကို လေပြွန်စနစ်ဖြင့် မြေအောက်သို့တိုက်ရိုက်စုပ်ယူသန့်စင်သည့်စနစ် တပ်ဆင်ထားမှုပုံ။

■ စာမျက်နှာ ၁၃ မှအဆက်

ကုန်ကျစရိတ်များနှင့် ပြည်သူတို့၏ အချိန် ကုန်သက်သာစေသည်။ စာရွက်မဲ့အုပ်ချုပ်ရေး (Paperless Administration) ကြောင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ပြီး အစိုးရ၏ရုံးလုပ်ငန်းများကို စက္ကန့်ပိုင်းအတွင်း ပြီးမြောက်စေသည်။

(ခ) **ဒေတာအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်း။** မြို့ပြအုပ်ချုပ်ရေးမှူးများသည် လေထုအရည်အသွေး၊ ယာဉ်ကြောပိတ်ဆို့မှု၊ စွမ်းအင်သုံးစွဲမှုဆိုင်ရာ ဒေတာများကို Big Data Analytics မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်သည်။ ထို့ကြောင့် မှန်းဆချက်များဖြင့်မဟုတ်ဘဲ တိကျသော ကိန်းဂဏန်းများပေါ် အခြေခံ၍ မြို့ပြမူဝါဒများကို မှန်ကန်စွာ ချမှတ်နိုင်သည်။

**လူမှုရေးဆိုင်ရာအကျိုးကျေးဇူးများ**

လူသားဗဟိုပြုသော လူမှုပတ်ဝန်းကျင်ကောင်းကိုဖန်တီးပေးခြင်းဖြင့် ပြည်သူလူထု၏လူမှုဘဝကို မြှင့်တင်ပေးသည်-

(က) **လူနေမှုဘဝ အရည်အသွေးမြင့်မားလာခြင်း။** သန့်ရှင်းသောလေထု၊ စိမ်းလန်းသော ပန်းခြံများနှင့် အဆင်ပြေချောမွေ့သော သယ်ယူပို့ဆောင်ရေးစနစ်များကြောင့် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးမြင့်မားလာသည်။ လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းကို အားပေးသည့် စိမ်းလန်းသော မြို့ပြဒီဇိုင်းများကြောင့် လူနေမှုဘဝပုံစံပိုမိုကျန်းမာလာစေသည်။

(ခ) **လူမှုရေးတန်းတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှု။** စမတ်စီးတီးများသည် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် အထူးဒီဇိုင်းဆွဲထားသော အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးသည်။ ဥပမာအားဖြင့် အလိုအလျောက် အသံစနစ်ပါဝင်သော လမ်းကူး လူကူးမျဉ်းကျားများ၊ ဘတ်စ်ကားဂိတ်များတွင်ဒစ်ဂျစ်တယ်အကူအညီပေးစနစ်များပါဝင်ခြင်းကြောင့် လူမှုအသိုင်းအဝိုင်းအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ ဖယ်ကြဉ်ခြင်း မခံရစေရန် ဆောင်ရွက်ပေးသည်။

**ဖြစ်ရပ်မှန်လေ့လာချက်များ**

စင်ကာပူသည် ကမ္ဘာ့အဆင့်မြင့်ဆုံး စမတ်စီးတီးတစ်ခုဖြစ်သည်။ ၎င်းတို့သည် "Smart Nation" စီမံကိန်းအောက်တွင် ဒစ်ဂျစ်တယ်အထောက်အထား (Singpass)၊ အလိုအလျောက် သယ်ယူပို့ဆောင်ရေးနှင့် အီလက်ထရွန်နစ်အုပ်ချုပ်ရေးစနစ်များကို ထိရောက်စွာ အသုံးပြုလျက်ရှိသည်။ စင်ကာပူ၏ Virtual Singapore စီမံကိန်းသည် တစ်မြို့လုံးကို 3D Digital Twin အဖြစ် ဖန်တီးထားပြီး သဘာဝဘေးအန္တရာယ်နှင့် ယာဉ်ကြောပိတ်ဆို့မှုများကို ကြိုတင်ပုံတူပြုလုပ်၍ စီမံခန့်ခွဲလျက်ရှိသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သည် ကမ္ဘာ့ပထမဆုံး ကာဗွန်ဓာတ်ငွေ့ကင်းစင်သောမြို့ (Carbon Neutral City) ဖြစ်လာရန် ရည်မှန်းချက်ချမှတ်ကာ စိမ်းလန်းသောစွမ်းအင်၊ လေစွမ်းအင်နှင့် စက်ဘီးစီးယဉ်ကျေးမှုကို ထူးခြားစွာ မြှင့်တင်နိုင်ခဲ့သည်။ မြို့သူမြို့သားများ၏ ၆၂ ရာခိုင်နှုန်းကျော်သည် နေ့စဉ်အလုပ်နှင့်ကျောင်းသို့သွားလာရာတွင် စက်ဘီးကိုသာ အသုံးပြုကြသဖြင့် လေထုအရည်အသွေးမှာ ကမ္ဘာ့အကောင်းဆုံးအဆင့်တွင်ရှိနေသည်။

တောင်ကိုရီးယားနိုင်ငံ ဆောင်ဒိုမြို့သည် ကမ္ဘာ့ပထမဆုံး နည်းပညာအခြေပြုပေါင်းစပ်တည်ဆောက်ထားသော စမတ်မြို့ပြဖြစ်သည်။ အိမ်တိုင်းတွင် အမှိုက်များကို လေပြွန်စနစ်ဖြင့် မြေအောက်သို့ တိုက်ရိုက်စုပ်ယူသန့်စင်သည့်စနစ်တပ်ဆင်ထားသည်။ မြို့ပြ၏အဆောက်အအုံအားလုံးကို စွမ်းအင်ချွေတာရေးစနစ်များဖြင့် ထိန်းချုပ်ထားပြီး စမတ်ဂရစ် (Smart Grid) စနစ်ကိုအသုံးပြုကာ လျှပ်စစ်မီးကို ထိရောက်စွာခွဲဝေပေးလျက်ရှိသည်။

အချုပ်ဆိုရသော် Clean၊ Green နှင့် Smart City တည်ဆောက်ခြင်းသည် အနာဂတ်လူသားမျိုးနွယ် ရေရှည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေး စသည့်ကဏ္ဍစုံတွင် ကြီးမားသော အပြုသဘောဆောင်သည့် အပြောင်းအလဲများကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် စိန်ခေါ်မှုများရှိနေသော်လည်း စနစ်တကျပြင်ဆင်ပြီး အကောင်အထည်ဖော်မည်ဆိုပါက ခေတ်မီဆန်းသစ်သော အနာဂတ်လူမှုပတ်ဝန်းကျင်ကို အောင်မြင်စွာတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**

၁။ World Bank–Sustainable Cities:https://www.world-bank.org/en/topic/ urban development/overview.
၂။ UN-Habitat – Smart Cities for SDGs:https://unhabitat.org/topic/smart-cities.
၃။ Smart Cities World–News and Case Studies:https://www.smartcitiesworld.net.
၄။ Singapore Smart Nation Official Portal:https://www.smartnation.gov.sg.

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**လားရှိုး ဇူလိုင် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) ရပ်ကွက် Golden Hill Hotel ၌ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနမှဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်း/မြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားမှုညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ဦးက ခရီးသွားလုပ်ငန်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အမှတ်(၁၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (လားရှိုး)မှ ရဲမှူးဝင်းညွှန့်က လူကုန်ကူးမှုသမိုင်းနှင့် ခေတ်သစ်လူကုန်ကူးမှုများ ပေါ်ပေါက်လာပုံနှင့် ပေါ်ပေါက်လာရသည့် အကြောင်းရင်းများ၊ လူကုန်ကူးသူများသည် လူကုန်ကူးခံရသူများအပေါ် ခေါင်းပုံဖြတ်အကျိုးအမြတ်ထုတ်ခြင်း၊ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းရင်းများ၊ လူကုန်ကူးခြင်းခံရသူများ၏ လူနေမှုအခြေအနေကိုအသုံးချခြင်းများ၊ လူပွဲစားများ၏ စည်းရုံးသိမ်းသွင်းသည့်အကြောင်းပြချက်များ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှုခြားနားချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းဟိန်းက လူကုန်ကူးခံရသူများ၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ နှစ်သိမ့်ဆွေးနွေးခြင်း၊ ပံ့ပိုးပေးမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။

(၄၀၄)



# အသက် ၂၃ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**ကြံခင်း ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရွှေတောင်စုရပ်ကွက်ရှိ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင်လ ၇ ရက်တွင် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်နှင့် တာဝန်ရှိသူများသည် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(က) အသင်းနှင့် ဘိလပ်မြေအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က အမှာစကားပြောကြားပြီး တတိယဆုရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(က)အသင်း၊ ဒုတိယဆုရရှိသော ဘိလပ်မြေအသင်းနှင့် ပထမဆုရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(က)အသင်းတို့အား တာဝန်ရှိသူများက လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

အဆိုပါ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင်လ ၃ ရက်မှ ၇ ရက်အထိ အသင်း ရှစ်သင်းဖြင့်ကျင်းပခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# နွေစပါးများလေလွင့်ဆုံးရှုံးမှုမရှိစေရေး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဝန်ဆောင်မှုပေး



**ကျောက်ဆည် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယခုအခါ ဒေသတွင်းဆန်စပါးဖူလုံပိုလျှံရေး စပါးသီးနှံကိုအဓိကစိုက်ပျိုးကြရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် နွေစပါး ၃၅၅၉ ဧက စိုက်ပျိုးခဲ့ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနသည် နွေစပါးများ ရိတ်သိမ်းလွန်၍ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် နွေစပါး ၃၄၁၇ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ၁၄၂ ဧက စုစုပေါင်း ၃၅၅၉ ဧက စိုက်ပျိုးခဲ့ပြီး ယခုအခါ နွေစပါးများ ရိတ်သိမ်းချိန်ရောက်ရှိနေပြီး အချိန်နှင့်တစ်ပြေးညီ မရိတ်သိမ်းနိုင်ဘဲ မိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းလွန်ကာ စပါးများလေလွင့်ဆုံးရှုံးမှုမရှိရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် နေ့စဉ်ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဝန်ဆောင်မှုများပေးသည့်အတွက် နွေစပါးများအချိန်တိုအတွင်းရိတ်သိမ်းနိုင်ပြီး မိုးစပါးများစိုက်ပျိုးရန် အချိန်မီမြေပြုပြင်ခြင်းများပြုလုပ်သောကြောင့်တောင်သူများအတွက်များစွာ အဆင်ပြေကြောင်း အင်တိုင်းကျေးရွာမှ တောင်သူ ဦးသောင်းစိန်ထံမှသိရသည်။

သက်မောင်(ကျောက်ဆည်)

**နိုင်ငံတစ်ဝန်းစိမ်းလမ်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။




**❖ ရွှေကုက္ကိုလ်မှ**

ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်၆ထပ်အဆောက်အအုံ၁လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ ၂၀ လုံးအနက် ၆ ထပ် အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၀ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၆) ထပ်အဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၆)ထပ်အဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေစဉ်



## ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ (၂၀၂၆)ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသည့်ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ(၂၀၂၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များဘောလုံးကွင်း၌ကျင်းပရာ ပြိုင်ပွဲဝင်အသင်း၄သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှကျောင်းသား၊ ကျောင်းသူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေနှင့်ဆေးတက္ကသိုလ်(၁)ရန်ကုန်အားကစားနှင့်ကာယပညာဗဟိုကော်မတီဥက္ကဋ္ဌပါမောက္ခ ဒေါက်တာအောင်ချိုထွန်းတို့က အမှာစကားများအသီးသီးပြောကြားကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို စာသင်နှစ်အလိုက်အတန်းအသီးသီးမှအသင်း၄သင်း ကစားသမား ၁၀၃ ဦးဖြင့် ဇူလိုင်လ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

**◆ ရန်ကုန်မြစ်အတွင်းမှ**

ကြိုတင်ပြင်ဆင်ထားကြရန်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက်ထုတ်ပြန်ထားသည်။

ယခုခန့်မှန်းထားသည့်ဒီရေတက်မှုအခြေအနေသည် စိုးရိမ်ဖွယ်ရာမရှိသော်လည်း မြစ်ကမ်းနားတစ်လျှောက်နေထိုင်ကြသည့် ပြည်သူများကြိုတင်သတိပြုပြင်ဆင်နိုင်ရန် အသိပေးထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မှတ်တမ်းများအရ ယခင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်၏ ဒီရေအမြင့်မှာ ၂၂ပေအထိ အမြင့်ဆုံးတက်ရောက်ခဲ့ဖူးသည့် သမိုင်းကြောင်းရှိခဲ့သဖြင့် ယခုခန့်မှန်းထားသော ၂၀ ဒသမ ၀၁ ပေမှ ပေ ၂၀ ဒသမ ၇၀အထိ ဒီရေတက်မည့် အခြေအနေမှာ စိုးရိမ်ရသည့်အဆင့်တွင် မရှိကြောင်းဖော်ပြထားသည်၊ သို့သော်လည်း ရန်ကုန်မြစ်၏ဒီရေအမြင့်သည် အခြေခံရေစံမျဉ်း အထက်ပေ ၂၀ ကျော်အထိ လွန်မြောက်နိုင်မည်ဖြစ်သောကြောင့် မြစ်ကမ်းနားဒေသများနှင့် မြေနိမ့်ပိုင်းတွင်နေထိုင်သူများအနေဖြင့် နေအိမ်များအတွင်းရေဝင်ရောက်နိုင်သည့် အခြေအနေများအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးဂရုပြုဆောင်ရွက်ထားကြရန်အသိပေးနှိုးဆော်ထားကြောင်းသိရသည်။ TWA

**➩ ရောဝတီအသင်းမှ**

ပြီးခဲ့သည့်ပွဲတွင် ရတနာပုံအသင်းကို ရှုံးနိမ့်ခဲ့ပြီး ယနေ့တွင် ချန်ပီယံရောဝတီအသင်းနှင့် ထိပ်တိုက်ယှဉ်ပြိုင်ရသည့်ပွဲဖြစ်၍ တိုက်စစ်ထက်ခံစစ်ကို ဦးစားပေးကစားခဲ့သော်လည်း ရှုံးပွဲသာထပ်မံကြုံတွေ့ခဲ့ရသည်။

ပထမပိုင်းပွဲစသည်နှင့် နိုင်လိုအားကြီးသည့် ရောဝတီအသင်းသည် အသင်းကြီးတစ်သင်းပီပီ ဘောလုံးပိုင်ဆိုင်မှုအသာစီးယူ၍ ဇွဲကပင်အသင်းဘက်ကို တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၁၁ မိနစ်တွင် တိုက်စစ်မှူး နန်းခိုင်ဇင်မြင့်က အသင်းဖော်ရီတူပေါ်နာရဲ့ပေးပို့မှုကနေ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ထို့အတူ ပွဲကစားချိန် ၂၄ မိနစ်တွင်လည်း စုစုခင်က ဒုတိယဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ရောဝတီအသင်း၏တိုက်စစ်ကြောင့် ဇွဲကပင်အသင်း ချေပဂိုးရရှိရေးထက်ဂိုးထပ်မံမပေးရရေးအကောင်းဆုံးဟန့်တားပိတ်ဆို့ကာကွယ်ရင်း ပွဲကစားချိန် ၄၄ မိနစ်တွင် နောက်တန်းကစားသမားများနှင့်ထိပြီး တတိယဂိုးထပ် မံခွင့်ပြုပေးလိုက်ရ၍ ပထမပိုင်းတွင် ရောဝတီအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင်လည်း ရောဝတီအသင်းတိုက်စစ်အားမချဘဲ ဇွဲကပင်အသင်းဘက်ကို တရစပ်ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၇၁ မိနစ်တွင် ရီတူပေါ်နာရဲ့ကန်သွင်းမှုမှ လျှံထွက်လာသည့်ဘောလုံးကို နန်းခိုင်ဇင်မြင့်က ပိတ်သွင်း၍ စတုတ္ထဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၇၆ မိနစ်တွင် ရီတူပေါ်နာ၊ နော်ထက်ထက်ဝေတို့ အပေးအယူအချိတ်အဆက်မိမိသယ်ယူလာသည့်ဘောလုံးကို နန်းခိုင်ဇင်မြင့်က ပဉ္စမဂိုးအဖြစ်လည်းကောင်း သွင်းယူနိုင်ခဲ့၍ ပြိုင်ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက ဇွဲကပင်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ၏ပွဲစဉ်(၄)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ YUSC ကွင်း၌ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

ဝန်းရံခ

**⇛ ကျောဖုံးမှအဆက်**

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့်တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Dong Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၅ သင်းဖြင့် ဇူလိုင်လ ၁၅ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ (၃၁)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲ (၃) ယောက်တွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် မုံရွာတပ်နယ်(က) အသင်းနှင့် စစ်ကိုင်းတပ်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဒိုင်းဆုရရှိသည့် စစ်ကိုင်းတပ်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုများ၊ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အသင်းများ၊ ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်နှင့် ဒိုင်းဆုရရှိသည့် စစ်ကိုင်းတပ်နယ်အသင်းတို့အား ဆုများအသီးသီး ချီးမြှင့်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၃ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင်လ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။

# ရွှေသောင်ယံမြို့နယ်မြေအတွင်းရှိ ကျေးရွာများတွင် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်း



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များတပ်ဆင်အပ်နှင်းပေးစဉ်။

နေပြည်တော် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်မြေအတွင်းရှိ ကျေးရွာများတွင် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အသစ်ဖွဲ့စည်းထားရှိသော ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များတပ်ဆင်အပ်နှင်းသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စစ်ဝတ်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ထူးခြားသည့်နေ့အပူချိန်များ

၈-၇-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မြိတ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြောင်းမြ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် (လွန်ကျော်) | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | သာယာဝတီ | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ရွှေဘို | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၈**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါတိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၁၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဒွေး ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဒွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာသူများက ဗိုလ်လုပွဲ ပွဲစဉ်(၄)ယောက်တွဲပြိုင်ပွဲဖြစ်သည့် မန္တလေးတပ်နယ်အသင်းနှင့် ပြင်ဦးလွင်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော (၂) ယောက်တွဲပြိုင်ပွဲဝင် ပြင်ဦးလွင်တပ်နယ်အသင်းနှင့် (၄)ယောက်တွဲပြိုင်ပွဲဝင် မန္တလေးတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အုပ်စု ၄ စုခွဲကာ ဇူလိုင်လ ၄ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

# မိုင်းရှူးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက မိုင်းရှူးမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

➲ ရှေ့ဖုံးမှအဆက်


ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# One more six-storey building used in cybercrimes in Shwe Kokko Area dismantled via controlled means, 70 illegal residential buildings already destroyed

NAY PYI TAW July 8

In completely dismantling the illegal buildings in Shwe Kokko and KK Park in Myawady Township, Kayin State, where online scam and gambling businesses were based, joint task forces comprising multiple departments are systematically destroying the items used in conducting the criminal business. Today, one more six-storey building in Shwe Kokko Area was systematically destroyed, using controlled explosives.

Buildings used in committing cybercrimes are being destroyed according to their category, and of the 77 buildings used in cybercrimes, 57 were slated for demolition through heavy machinery, and another 20, through controlled explosions. Today, a six-storey building of the 20 structures slated for demolition was destroyed via controlled techniques.

Joint task forces have destroyed a total of 70 buildings where cybercrimes were operated, using controlled measures to this date. They will continue to dismantle the remaining seven buildings.

**100**



Soldiers preparing to dismantle the six-storey building.



Soldiers preparing to dismantle the six-storey building.



The photo shows six-storey building before it was destroyed.



The photo shows the remains of the dismantled building.

## 100 percent harvest of wheat completes in Myinmu Township

MYINMU July 8

Local farmers have harvested 100 percent of completion at wheat plantations in Myinmu Township of Sagaing Region, according to the Sagaing District Department of Agriculture.

They planted 8,808 acres of croplands under wheat plantations in Myinmu Township. They started harvest of crops in February this year, and so far, they have reaped all plantations of wheat, producing 21.12 baskets per acre.

Daw Myat Moe Win, the Head of Sagaing District Department of Agriculture, said: "Local farmers grew 8,808 acres of wheat as cold season crops in the township. Now, they have harvested all plantations. Our department raised farmer awareness of growing wheat and provided them with assistance for broadcasting fertilizers and weeding the plantations in order to boost per-acre yield of crops. Moreover, we arranged use of quality strains of crops for them."

In Myinmu Township, efforts were carried out during the crop cultivation season to ensure that all winter crops met their targeted acreage, to improve wheat yields, to enable the systematic cultivation and production of high-quality wheat, and to prevent pest infestations. Wheat is cultivated annually in October, November, and December, and harvested in February, March, and April.

Regarding wheat cultivation, the cost of cultivating one acre is around Ks-300,000, and the yield per acre is about 21 baskets.

The Township Department of Agriculture has supported farmers who grow wheat by providing training aimed at increasing yields, assisting in access to quality seeds, and selling urea fertilizer at affordable prices.

**SK**

## Kanbalu Township to grow more than 90,000 acres of green gram this year

KANBALU July 8

Statistics of Department of Agriculture in Kanbalu Township of Sagaing Region stated that local authorites earmark cultivation of 90,000 acres of green gram as monsoon crops in Kanbalu Township this year.

During the 2026-2027 monsoon crop planting season, Kanbalu Township plans to cultivate 90,594 acres of green gram, with planting scheduled to begin in June and continue through September this year, according to reports.

"This year, during the monsoon crop planting season, more than 90,000 acres of green gram cultivation have been targeted in Kanbalu Township. Efforts will be made to ensure the full target acreage is achieved. Regarding green gram cultivation, awareness campaigns are being conducted to encourage expanded cultivation, and farmers are also being educated on the use of high-quality and pure seed varieties to achieve better yields," said U Myo Zaw, head of the Kanbalu Township Agriculture Department.

This year, the Township Agriculture Department will provide assistance and awareness programs for green gram growers in Kanbalu Township, including access to high-quality seed varieties suitable for the local region, proper cultivation methods, pest prevention measures, systematic use of fertilizers, and practices to improve crop yields.

During this year's monsoon crop cultivation season, the necessary high-quality seed varieties, agricultural inputs, and post-harvest technology training needed to improve the yield and quality of pulse crops will be provided in cooperation with farmers.

**SMK**

# Yinmabin District earmarks cultivation of more than 19,000 acres of cotton



YINMABIN July 8

Statistics of the Agriculture Department in Yinmabin District of Sagaing Region stated that local authorities have earmarked cultivation of 19,150 acres of cotton as monsoon crops in the district.

In 2026-2027 monsoon cultivation season, Yinmabin Township set a plan to grow 5,000 acres of cotton, Kani Township 7,000 acres, Salingyi Township 3,200 acres and Pale Township, 3,950 acres, totalling 19,150 acres.

"This year, more than 19,000 acres of cotton are targeted for cultivation in Yinmabin District during the monsoon cropping season. Arrangements are currently being made to begin cultivation within this month. Efforts will be undertaken to ensure that the targeted acreage is fully achieved. To enable farmers to cultivate on time during the planting season, quality cotton seed varieties will be supplied for cotton production," said Daw Myat Moe Win, head of the Agriculture Department in Yinmabin District.

It is learned that, this year, the relevant township agriculture departments in Yinmabin District have been providing technical training courses for cotton growers to ensure access to quality cotton seed varieties, preventive measures against pests and diseases for successful crop production, and the use of proper cultivation methods to achieve good yields. Necessary technical assistance required by cotton farmers will also continue to be provided.

The cultivation cost for cotton is about Ks-350,000 per acre, and the yield is reported to be around 1,000 viss per acre.

In cotton cultivation, farmers can also practice crop sequencing with onions and intercropping with pigeon peas, allowing them to obtain at least one type of crop and thereby increase their income.

Cotton is being successfully cultivated and produced in 19 townships across the districts of Sagaing, Monywa, Yinmabin, Shwebo and Kanbalu in Sagaing Region.

**SK**

# Kawlin District plans cultivation of more than 1,000 acres of sugarcane this monsoon

KAWLIN July 8

According to the Kawlin District Department of Agriculture, local authorities decided to manage cultivation of more than 1,000 acres of sugarcane in the district of Sagaing Region this monsoon.

In 2025-2026 monsoon season cultivation period, local authorities earmarked cultivation of 1,774 acres of sugarcane in Kawlin Township and 35 acres in Wuntho Township, totalling 1,809 acres, and the crops will be planted starting from June.

"This rainy season, more than 1,000 acres of sugarcane are targeted for cultivation in Kawlin District. Efforts will be made to exceed the target acreage. Last year as well, sugarcane cultivation surpassed the target acreage. Local farmers regularly cultivate sugarcane," said U Win Thein, Head of the Agriculture Department in Kawlin District.

In Sagaing Region, sugarcane is cultivated in Shwebo District, Kanbalu District, and Katha District, with Katha and Kanbalu districts having the largest cultivation areas.

In Kawlin District, the cultivation cost for sugarcane ranges between Ks-600,000 and Ks-700,000 per acre, and the yield is about 30 tons per acre.

In Sagaing Region, high-yield sugarcane varieties such as K-95/84, Nawaday-4, Formoza, and Shwe Li are cultivated, with priority given to rain-fed and irrigated plantations.

**SMK**

# Mawlamyinegyun Township exports large quantities of ziya rice to Yangon market

MAWLAMYINEGYUN July 8

Daw Ni Ni Win, the owner of rice and paddy trading depot in Mawlamyinegyun Township of Ayeyawady Region unveiled that local merchants sent 56,000 bags of ziya rice to Yangon market.

From Mawlamyinegyun Township, about 56,000 bags of ziya rice, each containing 24 pyi, were exported and sold to the Yangon market .

"During the past month, we exported large quantities of ziya rice to the Yangon market. Agricultural products from our township are mainly sold to Yangon. This ziya rice variety is considered a good-tasting rice. Exports increased because demand from Yangon has been strong. Even this month, buyers from the Yangon market are continuing to contact us to purchase large quantities of ziya rice. Compared with other rice varieties, this type is currently seeing stronger trade," said Daw Ni Ni Win.



The ziya rice exported from Mawlamyinegyun Township to the Yangon market is reportedly selling at prices of up to Ks-105,000 per bag. Due to strong demand from the Yangon market, farmers, traders, freight workers, and transport operators are reportedly gaining employment opportunities from the trade.

**SK**

# All livestock feed crops harvested in Pwintbyu Township

PWINTBYU July 8

The Department of Agriculture in Pwintbyu Township stated that local farmers have harvested all plantations of animal feed crops in Pwintbyu Township of Magway Region.

They planted 10,220 acres of animal feed crops as cold season crops in the township. Starting from December 2025, they harvested the crop plantations. So far, they have reaped all plantations of animal feeds, producing 2,605 bales of animal feeds per acre.

"We were able to cultivate 10,220 acres of animal feed crops during the winter cropping season in Pwintbyu Township. The main livestock feed crops grown were maize, Napier grass and pulses. Harvesting of these livestock feed crops began in December 2025, and at present all cultivated acreage has been fully harvested. To prevent post-harvest losses, the necessary harvesting techniques and assistance were provided to ensure timely harvesting," said Daw Moe Moe Wai, head of the Township Agriculture Department in Pwintbyu Township.

It is learned that the Township Agriculture Department provided support and agricultural knowledge services to farmers cultivating livestock feed crops during the winter season in Pwintbyu Township. These included assistance in selecting quality seed varieties to improve crop yields, conducting agricultural training courses, demonstrating the systematic use of agricultural inputs, and providing technical guidance on the prevention of crop pests and diseases.

Local farmers in Pwintbyu Township are engaged in small-scale livestock breeding alongside farming activities to increase their household income. During both the rainy and winter cropping seasons each year, they systematically utilized water from the Meizali diversion weir and groundwater resources to cultivate maize, various pulses, Napier grass and fodder corn in order to prevent feed shortages for their livestock and further promote the development of small-scale livestock farming.

**SMK**

# Trump says will hold conversation with Putin on Wednesday

WASHINGTON July 8

US President Donald Trump on Wednesday said that he will hold talks with Russian President Vladimir Putin later in the day.

"What would you like to ask him [Putin]? Because I'm going to ask him that question," Trump told reporters. "Yeah," he added when asked whether he would do it today.

"Give us a question for Putin, because I'm speaking to him today," Trump added.

Trump said that his relationship with Russian President Vladimir Putin remains "very good."

"The relationship is very good," Trump said.

The previous call between Russian President Vladimir Putin and US President Donald Trump was held on July 5. The conversation was initiated by the US side and lasted 1 hour and 25 minutes. The discussion was not merely a protocol exchange but a substantive, businesslike, and highly constructive conversation, Kremlin aide Yuri Ushakov said.

**Sputnik**




# 16 feared trapped as waste mound crashes onto building in India's Maharashtra

NEW DELHI July 8

At least 16 people are feared trapped under debris after a huge mountain-like pile of waste crashed onto an adjacent three-story building Wednesday, causing it to collapse, following heavy rains in the western Indian state of Maharashtra, multiple local media reports said.

According to officials, there were 20 people inside the building when it collapsed, out of which four managed to escape and the remaining 16 employees are believed to be trapped inside.


Following the incident, police, fire department and disaster management personnel rushed to the spot to pull out the trapped persons.

Officials said it appears the waste mound became loose because of the continuous rains and collapsed.

Heavy rainfall has wreaked havoc in Pune and Mumbai over the past few days with the onset of the monsoon.

**Xinhua**

# Danish Prime Minister says country ready to defend Greenland



ANKARA July 8

Denmark is ready to defend Greenland militarily in the event of an attack, Danish Prime Minister Mette Frederiksen said on Wednesday.

"We are ready to defend every inch of NATO, including our own territory," Frederiksen told reporters when asked if Denmark was ready to defend Greenland militarily in the event of an attack.

Denmark's leader also expressed her hope that everyone, including all the kingdom's allies, would respect the Greenlandic people's right to self-determination.

"Greenland is of course not for sale… We are a sovereign state and we need everybody to respect our territorial integrity and our sovereignty," she said.

On Tuesday, US President Donald Trump returned to the issue of Greenland after a long hiatus, saying the island should be under US control.

Greenland is part of the Kingdom of Denmark. However, Trump has repeatedly stated that it should join the United States, stressing the island's strategic importance for national security. Danish and Greenlandic authorities have warned Washington against seizing the island, noting that they expect their territorial integrity to be respected.

**Sputnik**

# 16-year-old suspect arrested after several injured in school shooting in southern Germany

BERLIN July 8

A 16-year-old suspect was arrested after several people were injured in a shooting incident at a high school in Schongau, in the southern German state of Bavaria, on Wednesday, the German Press Agency (dpa) reported, citing the police.

At least two girls were seriously injured and taken to hospital, a police spokesperson was quoted by dpa as saying. It remained unclear whether they were students of the school.

Police said earlier that the number of the injured was estimated to be in the single digit.

It was not immediately clear whether the 16-year-old suspect attended the school, according to police.

A large number of police officers and emergency workers were deployed to the school. Authorities urged people to avoid the area and set up a contact point for parents and relatives of students at a nearby fire station, the report said.

Schongau is a small city in Bavaria with more than 12,000 residents.

**Xinhua**

# Syria to display 23 antiquities returned by France after 15 years abroad

DAMASCUS July 8

Syrian museum officials said Wednesday they are preparing 23 archaeological artifacts recently returned by France for public display at the National Museum in Damascus after they had spent 15 years abroad.

The artifacts were handed over earlier this week by the Arab World Institute in Paris during French President Emmanuel Macron's official visit to Syria.

The collection was originally loaned to the institute in 2011 for its permanent exhibition on Arab civilization. Its return was delayed because of the conflict in Syria.

"This is a very important and historic event that marks a significant milestone in Syria's cultural and political history," Nevin Saadeddin, curator of the Islamic Museum at the National Museum in Damascus, told Xinhua.

She said the artifacts, among the most important pieces belonging to Syria, date back to different historical periods, from prehistory and the ancient civilizations through the Islamic era, spanning from the 9th millennium B.C. to the 14th and 15th centuries A.D.

The Directorate-General of Antiquities and Museums said the artifacts originated from museums and archaeological sites across Syria and will undergo documentation and conservation before being placed on permanent display at the National Museum.

Syria's antiquities sector suffered extensive damage during more than a decade of conflict, with museums, archaeological sites and historic cities affected by destruction, looting and illicit trafficking of cultural property.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 53 Verb + -ing (enjoy doing / stop doing etc.)

**A** We say:

- I **enjoy reading**. (not I enjoy to read)
- Would you **mind closing** the door? (not mind to close)
- Chris **suggested going** to the cinema. *(not suggested to go)*




After **enjoy**, **mind** and **suggest**, we use -**ing** (not **to** …).

Some more verbs that are followed by -**ing**:

| | | | | |
|---|---|---|---|---|
| **stop** | **recommend** | **admit** | **avoid** | **imagine** |
| **finish** | **consider** | **deny** | **risk** | **fancy** |

- Suddenly everybody **stopped talking**. There was silence.
- I'll do the shopping when I've **finished cleaning** the flat.
- He tried to **avoid answering** my question.
- I don't **fancy going** out this evening. (= I'm not enthusiastic about it)
- Have you ever **considered going** to live in another country?
- They said they were innocent. They **denied doing** anything wrong.

The negative form is **not -ing**:

- When I'm on holiday, I enjoy **not having** to get up early.

**B** We also use -**ing** aft er:

| |
|---|
| **give up** (= stop) |
| **put off** (= delay until later) |
| **go on** or **carry on** (= continue) |
| **keep** or **keep on** (= do something continuously or repeatedly) |

- I've **given up buying** newspapers. I don't read them any more.
- You shouldn't **put off telling** him what happened. You need to tell him now.
- Katherine doesn't want to retire. She wants to **go on working**. or … to **carry on working**.
- You **keep interrupting** when I'm talking. or You **keep on interrupting** …

**C** With some verbs you can use the structure verb + somebody + -**ing**:

- You can't **stop people doing** what they want.
- I can't **imagine George riding** a motorbike.
- Did she really say that? I don't **remember her saying** that.
- Sorry to **keep you waiting** so long.

**D** When you talk about finished actions, you can say **having done**/**stolen**/**said** etc. :

- They admitted **having stolen** the money.

But it is not necessary to use **having** (done). You can say:

- They admitted **stealing** the money.
- I now regret **saying** that. or I now regret **having said** that.

**E** Other structures are possible with **admit**, **deny**, **suggest** and **recommend**. For example, you can say:

- They denied (that) **they had done** anything wrong. (= They **denied doing** …)
- Chris **suggested** (that) **we go** to the cinema. (= Chris **suggested going** …)
- I **recommend** (that) **you travel** by train. (= I **recommend travelling** …)

suggest → Unit 34 being done (passive) → Unit 44B Verb + to … → Unit 54
Verb + to … and -ing Units 55C, 56–58 remember / regret / go on → Unit 56B
go on / carry on / keep on → Unit 141A

**Raymond Murphy**

# ဥရောပအနေနဲ့ တရုတ်ဆီကနေ လွဲချော်သွားသောအခွင့်အရေးများ

## အဲဒီသဘောတူညီချက်မှာ တရုတ်နိုင်ငံက ဖက်စပ်လုပ်ငန်း ထူထောင်ရမယ့် စည်းကမ်းချက်တွေ၊ နည်းပညာတွေကို မဖြစ်မနေလွှဲပြောင်းပေးရတဲ့စနစ်တွေနဲ့ ကန့်သတ်ချက်တွေကို ဖျက်သိမ်းဖို့အထိ သဘောတူခဲ့




ဒီရက်ပိုင်းအတွင်း ဥရောပသမဂ္ဂ (EU) ကနေ တရုတ်နိုင်ငံနဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့လေသံတွေဟာ အရင်ကထက် သိသိသာသာ ပိုပြီးတင်းမာခက်ထန်လာတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဥရောပကော်မရှင်ဟာ တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲဖို့ ၎င်းတို့ရဲ့ ရည်ရွယ်ချက်ကို နှုတ်နဲ့တင်ခြိမ်းခြောက်တာမျိုးမဟုတ်တော့ဘဲ လက်တွေ့လုပ်ဆောင်ချက်တွေနဲ့ပါ ပြတ်ပြတ်သားသားဆောင်ရွက်လာနေပါပြီ။

တရုတ်နိုင်ငံကနေ ဥရောပဈေးကွက်ထဲကို အမြောက်အမြားတင်သွင်းနေတဲ့ လျှပ်စစ်ကား (EV) တွေ၊ ဆိုလာပြားတွေ၊ နည်းပညာမြင့်ဘက်ထရီတွေကို ဥရောပကော်မရှင်က "China Shock 2.0" လို့ အမည်တပ်ပြီး အသည်းအသန်တုံ့ပြန်ဖို့ ပြင်ဆင်နေတာပါ။ ဒါဟာ ရိုးရိုးတန်းတန်း စီးပွားရေးအရ အကာအကွယ်ပေးချင်တဲ့ သဘောသက်သက်သာမဟုတ်ဘဲ ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကိုပါ ရိုက်ခတ်သွားစေနိုင်တဲ့ မလွဲမသွေရောက်ရှိလာတော့မယ့် ပထဝီနိုင်ငံရေးတိုက်ပွဲတစ်ခုဖြစ်တာ ထင်ရှားပါတယ်။

ဒီကနေ့ ဥရောပသမဂ္ဂနဲ့ တရုတ်နိုင်ငံကြားဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးတင်းမာမှုတွေကို အသေအချာပြန်လည်သုံးသပ်ကြည့်ရင် လွန်ခဲ့တဲ့ ၁၉၇၀ နဲ့ ၁၉၈၀ ပြည့်လွန်နှစ်တွေက ဥရောပနဲ့ ဂျပန်တို့ကြားဖြစ်ခဲ့တဲ့ စီးပွားရေးပဋိပက္ခတွေနဲ့ ထူးထူးခြားခြားဆင်တူနေတာကိုတွေ့ရပါလိမ့်မယ်၊ ထိုစဉ်ကလည်း ဥရောပရဲ့စက်မှုလုပ်ငန်းရှင်တွေဟာ အာရှရဲ့ရှေ့ပြေးပုံစံ စက်မှုဗဟိုချက်ဖြစ်တဲ့ ဂျပန်နိုင်ငံကနေတင်သွင်းလာတဲ့ အရည်အသွေးမြင့်ကုန်ပစ္စည်းတွေကြောင့် ပြည်တွင်းမှာရှိတဲ့ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ခုလုံး ပြိုလဲသွားမှာကို အလွန်အမင်းထိတ်လန့်ခဲ့ကြတာပါ။

အဲဒီခေတ်တုန်းကဆိုရင် ဂျပန်ကုမ္ပဏီတွေဟာ နည်းပညာပိုင်း စေ့စပ်သေချာတာ၊ ထုတ်လုပ်မှုစွမ်းရည် ထိရောက်ထက်မြက်တာနဲ့ ဈေးနှုန်းပိုင်းယှဉ်ပြိုင်နိုင်စွမ်းရှိတာတွေကြောင့် ဥရောပလိုဈေးကွက်ထဲမှာ လျင်မြန်စွာစိုးမိုးနိုင်ခဲ့ပါတယ်။ ဥရောပရဲ့ မူဝါဒချမှတ်သူတွေဟာ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ လူသုံးကုန်လျှပ်စစ်ပစ္စည်းနဲ့ စက်မှုကိရိယာအစိတ်အပိုင်းကဏ္ဍတွေမှာ စက်မှုလက်မဲ့ဖြစ်ကာ စီးပွားပျက်ကပ်ဆိုက်လောက်မယ့်အန္တရာယ်ကို ကာကွယ်ဖို့ရုန်းကန်ခဲ့ရဖူးပါတယ်။

ယနေ့ခေတ်မှာတော့ အဲဒီသမိုင်းက ဥရောပရဲ့ လျှပ်စစ်ကား၊ ဘက်ထရီ၊ ဆိုလာပြားနဲ့ သံမဏိလုပ်ငန်းတွေမှာ တရုတ်ကုမ္ပဏီတွေရဲ့ ပြင်းထန်တဲ့စိန်ခေါ်မှုအဖြစ် တစ်ကျော့ပြန်ပေါ်ပေါက်လာပြန်ပါတယ်။ ဒါပေမဲ့ အဓိကခြားနားချက်က တရုတ်နိုင်ငံဟာအဆိုပါမဟာဗျူဟာမြောက်ကဏ္ဍတွေမှာ ရိုးရိုးယှဉ်ပြိုင်သူမဟုတ်ဘဲ ကမ္ဘာ့ဦးဆောင်သူလိုမျိုး ဖြစ်လာခဲ့တာပါ။ ဥရောပကတော့ ကိုယ့်ရဲ့နည်းပညာပိုင်း ဦးဆောင်နိုင်မှုနဲ့ ကုန်ထုတ်လုပ်မှုစွမ်းရည်တွေ ဆုံးရှုံးရတော့မယ်ဆိုတဲ့ စိုးရိမ်ထိတ်လန့်စိတ်နဲ့ ကိုယ့်စီးပွားကာကွယ်ရေးဝါဒအရ အခွန်တွေတိုးမြှင့်ချမှတ်ပြီး တုံ့ပြန်လာခဲ့ပါတယ်။ အတိတ်မှာတုန်းက ဂျပန်နိုင်ငံကိုတုံ့ပြန်ဖို့ ကုန်ပစ္စည်းတင်သွင်းမှုကန့်သတ်ချက်တွေ၊ မော်တော်ကားပို့ကုန်ထိန်းချုပ်မှုတွေသုံးခဲ့သလို အခုတရုတ်နိုင်ငံကိုလည်း ကိုယ့်စီးပွားကာကွယ်ရေးအခွန်တွေ၊ ထောက်ပံ့ကြေးအပေါ် ဆန့်ကျင်ရေးစုံစမ်းစစ်ဆေးမှုတွေနဲ့ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို စည်းကြပ်စစ်ဆေးတာတွေ အရှိန်အဟုန်မြင့် လုပ်ဆောင်လာနေပါတယ်။

ဒါပေမဲ့ ဒီနေရာမှာအဓိကကျတဲ့ကွဲပြားခြားနားချက်ကို သတိပြုဖို့လိုပါတယ်။ အဲဒီအချိန်တုန်းက ဂျပန်ကုမ္ပဏီတွေဟာ အစိုးရရဲ့ပံ့ပိုးမှုကြောင့် အားကောင်းခဲ့ပေမယ့် ဂျပန်နိုင်ငံဟာ အနောက်ကမ္ဘာရဲ့ နိုင်ငံရေးမဟာမိတ်ဖြစ်ပြီး အမေရိကန်ရဲ့ အခွန်မူဝါဒခံစားခွင့်ကို ရရှိထားတာပါ။ ယနေ့မှာတော့ တရုတ်နိုင်ငံကို အနောက်ကမ္ဘာက ၎င်းကို မဟာမိတ်လို့မရှုမြင်ဘဲ စနစ်ကျတဲ့ပြိုင်ဘက်အဖြစ် ပြတ်ပြတ်သားသား သတ်မှတ်ထားတာကိုတွေ့ရပါတယ်။ အတိတ်မှာတုန်းက ဥရောပ–ဂျပန် တင်းမာမှုဟာ အမေရိကန်နဲ့ဂျပန်ကြား ကုန်သွယ်ရေးပဋိပက္ခနဲ့ Plaza Accord သဘောတူညီချက်ကြောင့် လျော့ပါးသွားခဲ့ပြီး ဂျပန်နိုင်ငံကို ရေရှည်စီးပွားရေးအကျပ်အတည်းဆီပို့ဆောင်လိုက်ပါတယ်။ ဒါပေမဲ့ အခုတရုတ်နဲ့ဖြစ်တဲ့ ပဋိပက္ခမှာတော့ အနောက်ကမ္ဘာရဲ့ တညီတညွတ်တည်းတည်ရှိမှုမျိုးကို မတွေ့ရတော့ဘဲဖြစ်နေပါတယ်။

တရုတ်နဲ့ဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးစစ်ပွဲမှာ ဥရောပသမဂ္ဂအနေနဲ့ အသာစီးရနိုင်ဖို့ဆိုရင် နိုင်ငံတကာဝန်းကျင်ကောင်း၊ ခိုင်မာတဲ့စီးပွားရေးမူဝါဒနဲ့ သမဂ္ဂအတွင်းပိုင်းအပြင် အမေရိကန်နဲ့ပါ ညီညွတ်မှုရှိဖို့လိုအပ်ပါတယ်။ သို့သော် လက်ရှိအချိန်မှာ အဆိုပါအချက်တွေထဲက တစ်ခုမျှပြည့်စုံခြင်းမရှိတာကို ကွင်းကွင်းကွက်ကွက်မြင်တွေ့နေရပါတယ်။ ပထမဆုံးအနေနဲ့ ဥရောပခေါင်းဆောင်တွေက အမေရိကန်နဲ့ တရုတ်ကြား ဆက်ဆံရေးရဲ့ နက်ရှိုင်းတဲ့ အပြောင်းအလဲတွေကို လျစ်လျူရှုခဲ့ကြပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ စီးပွားရေးအတွေးအခေါ်တွေကို နားလည်ဖို့ အကြိမ်ကြိမ်ပျက်ကွက်ခဲ့ပါတယ်။ တရုတ်သမ္မတရှီကျင့်ဖျင်က အမေရိကန်ရဲ့ "Make America Great Again" နဲ့ တရုတ်ရဲ့ "Great Rejuvenation" မူဝါဒနှစ်ခုကြား ပေါင်းစည်းမှုကို အသုံးချဖို့ကြိုးပမ်းခဲ့တဲ့ အချက်ကို ဥရောပက လွတ်သွားခဲ့တာပါ။ ဥရောပနိုင်ငံရေးသမားတွေဟာ ထရမ့်ရဲ့ သမ္မတသက်တမ်းကို တစ်ကြိမ်တည်းနဲ့ ပြီးဆုံးသွားမယ့် ဖြစ်ရပ်ဆန်းတစ်ခုအဖြစ်ပဲ မှားယွင်းစွာရှုမြင်ကြလို့ ထရမ့်က ဥရောပသမဂ္ဂအပေါ် ကုန်သွယ်ရေးစစ်ပွဲ ဆင်နွှဲလာချိန်မှာ ကြိုတင်ပြင်ဆင်မှုမရှိခဲ့ကြသလို ဝါရှင်တန်ရဲ့ အစဉ်တစိုက်ထောက်ပံ့မှုကိုလည်း မရရှိခဲ့ပါဘူး။

ဒုတိယအချက်အနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအခင်းအကျင်းဟာ ယေဘုယျအားဖြင့် တရုတ်နိုင်ငံဘက်မှာ အသာစီးရှိနေလို့ ဥရောပသမဂ္ဂရဲ့လွှမ်းမိုးနိုင်စွမ်းဟာ အမေရိကန်နဲ့နှိုင်းယှဉ်ရင် များစွာအားနည်းနေပါတယ်။ ဥရောပကတော့ ကဏ္ဍစုံကုန်သွယ်ရေးမှာ ကာကွယ်ရေးနည်းလမ်းတွေ၊ အခမ္ဘိအားပေးမှုဆန့်ကျင်ရေးနည်းလမ်းတွေနဲ့ ဆိုက်ဘာလုံခြုံရေးစည်းမျဉ်းတွေကိုသုံးပြီး တရုတ်ရဲ့ဈေးကွက်ဝင်ရောက်မှုကို ပိတ်ဆို့ဖို့ကြိုးစားပေမယ့် အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံမှာလည်း ဥရောပရဲ့ အားနည်းချက်ကိုသိပြီး အပေါ်စီးမှတုံ့ပြန်နိုင်မယ့် မဟာဗျူဟာမြောက်နည်းလမ်းတွေ အဆင်သင့်ရှိနေပါတယ်။

ဥရောပသမဂ္ဂရဲ့ အကြီးဆုံးမဟာဗျူဟာမြောက်အမှားကတော့ လွန်ခဲ့တဲ့နှစ်အနည်းငယ်က တရုတ်နိုင်ငံနဲ့ ခက်ခက်ခဲခဲ နှစ်ရှည်လများညှိနှိုင်းခဲ့ရတဲ့ ဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်(CAI) ကို အတည်ပြုဖို့ နိုင်ငံရေးအရဆုံးဖြတ်ချက်မပြတ်ဘဲ လက်လွှတ်ပျက်ပြယ်ခွင့်ပြုခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒီသဘောတူညီချက်မှာ တရုတ်နိုင်ငံက ဖက်စပ်လုပ်ငန်းထူထောင်ရမယ့် စည်းကမ်းချက်တွေ၊ နည်းပညာတွေကို မဖြစ်မနေလွှဲပြောင်းပေးရတဲ့ စနစ်တွေနဲ့ ကန့်သတ်ချက်တွေကို ဖျက်သိမ်းဖို့အထိ သဘောတူခဲ့တာမို့ ဥရောပကုမ္ပဏီတွေအတွက် တရုတ်ဈေးကွက်ထဲမှာ အခွင့်အလမ်းသစ်တွေများစွာနဲ့ အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါဟာ တရုတ်နိုင်ငံအတွင်းက ဥရောပရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ကာကွယ်ပေးနိုင်ခဲ့မှာဖြစ်ပေမယ့် လူ့အခွင့်အရေးအငြင်းပွားမှုတွေနဲ့ နိုင်ငံရေးအချေအတင်ဖြစ်မှုတွေကြောင့် ဒီသဘောတူညီချက်ဟာ အသက်မဝင်ဘဲ အဟောသိကံဖြစ်သွားခဲ့ရပါတယ်။

အကယ်၍သာ ဒီသဘောတူညီချက်ဟာ လက်ရှိအချိန်အထိ တည်ရှိနေမယ်ဆိုရင် ဥရောပရဲ့ စက်မှုလက်မဲ့ဖြစ်မယ့် စိုးရိမ်ပူပန်မှုတွေကို များစွာသက်သာစေမှာဖြစ်ပြီး အလုပ်အကိုင်အသစ်တွေ ဖန်တီးပေးနိုင်ကာ တရုတ်ပြည်တွင်းမှာရှိတဲ့ ဥရောပကုမ္ပဏီတွေအနေနဲ့ ပိုမိုအမြတ်အစွန်းရစေမှာပါ။ ပြီးတော့ စီးပွားရေးအရအဆင်ပြေ တည်ငြိမ်လာမှုဟာ ယနေ့ဥရောပရဲ့ လူထုကြားထဲမှာ ထိပ်တန်းရောက်လာနေတဲ့ လက်ယာစွန်းဝါဒီ (Far-right) တွေရဲ့ အခြေခံမကျတဲ့ဆွဲဆောင်မှုနဲ့ အင်အားကြီးထွားလာမှုကိုပင် အချိန်မီဟန့်တားနိုင်ခဲ့ကောင်းနိုင်ပါတယ်။ ဒါဟာ တကယ့်ကိုနှမြောဖို့ကောင်းတဲ့ “လွဲချော်သွားတဲ့အခွင့်အရေး” တစ်ခုပဲဖြစ်ပါတယ်။

ဒါပေမဲ့ တစ်ဖက်ကနေပြန်ကြည့်ရင် ဥရောပဟာ ကဏ္ဍစုံမှာ တရုတ်နိုင်ငံကို လုံးဝရှုံးနိမ့်သွားတာတော့ မဟုတ်ပါဘူး။ ဒါဟာ မိမိတို့က ဘယ်စံနှုန်းနဲ့တိုင်းတာမလဲဆိုတဲ့အချက်အပေါ်မှာပဲ မူတည်ပါတယ်။ ဥရောပဟာ ယခုထက်တိုင် ကမ္ဘာ့အဆင့်မြင့်ဇိမ်ခံကုန်ပစ္စည်းတွေ၊ လေကြောင်းနဲ့ အာကာသအင်ဂျင်နီယာလုပ်ငန်း၊ ထိပ်တန်းဆေးဝါးထုတ်လုပ်ရေး၊ စက်မှုအင်ဂျင်နီယာနဲ့ အဆင့်မြင့်တိကျစက်ပစ္စည်းကဏ္ဍတွေမှာ ကမ္ဘာ့အဆင့်မီ ပြိုင်ဘက်ကင်းစွာနဲ့ အသာစီးရရပ်တည်နေဆဲဖြစ်ပါတယ်။

ဒါကြောင့် ဥရောပဟာ တရုတ်နိုင်ငံကို အဘက်ဘက်က ရှုံးနိမ့်သွားတယ်လို့ ဆိုမယ့်အစား တရုတ်နိုင်ငံရဲ့ထုတ်လုပ်မှုပမာဏအတိုင်းအဆနဲ့ ထုတ်လုပ်မှုအရှိန်အဟုန်ကို ပြည်တွင်းမူဝါဒတွေကြောင့် ရုန်းကန်နေရတယ်လို့ဆိုရင်ပိုမှန်ပါလိမ့်မယ်၊ ယခုအခါ ဥရောပမူဝါဒချမှတ်သူတွေရဲ့ အကြီးဆုံး ခေါင်းခဲစရာစိုးရိမ်ပူပန်မှုက တစ်ဖက်က တရုတ်နိုင်ငံရဲ့ ကြီးမားတဲ့ ကုန်ထုတ်လုပ်မှုအင်အားကို ရင်ဆိုင်နေရင်း အခြားတစ်ဖက်မှာလည်း အမေရိကန်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ဦးဆောင်မှုကို ဘယ်လိုရင်ပေါင်တန်းပြိုင်ဆိုင်ရမလဲဆိုတဲ့ ညှပ်ပူးညှပ်ပိတ်အခြေအနေဖြစ်လာပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ဥရောပသမဂ္ဂမှာ အားနည်းချက်တွေနဲ့ မဟာဗျူဟာအမှားတွေရှိနေတာ ထင်ရှားနေပါတယ်။ အခြားတစ်ဖက်မှာကျတော့ ဥရောပဈေးကွက်အပေါ်ရရှိနေတဲ့ ယခုလိုကြီးမားလွန်းလှတဲ့ ကုန်သွယ်ရေးပိုလျှံမှုဟာ ရေရှည်မှာ ဘယ်လိုမှတည်တံ့နိုင်မှာမဟုတ်ကြောင်း တရုတ်ဘက်ကလည်း သဘောပေါက်ထားဖို့လိုပါတယ်၊ ယခုအခါ တရုတ်နိုင်ငံမှာပင် ဥရောပကို အလျှော့မပေးဘဲ ပြင်းပြင်းထန်ထန်တုံ့ပြန်ဖို့ တွန်းအားပေးအသံတွေကျယ်လောင်လာနေတာဟာ စိုးရိမ်စရာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အမေရိကန်က သူတို့ရဲ့အကျိုးစီးပွားကိုပဲကြည့်နေချိန်မှာ တရုတ်နိုင်ငံက အမေရိကန်ရဲ့ အသက်သွေးကြော အဓိကဈေးကွက်ကြီးဖြစ်တဲ့ ဥရောပသမဂ္ဂကို ပိုပြီးတော့လိုအပ်လာမှာဖြစ်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ ရန်လိုမှုရှိတဲ့ တုံ့ပြန်မှုဆိုင်ရာ နည်းဗျူဟာတွေသက်သက်ကိုပဲ အားကိုးမနေဘဲ ကိုယ့်ရဲ့ ကုန်သွယ်ဖက်တွေ တကယ်တမ်း စိုးရိမ်ပူပန်နေရတဲ့အချက်တွေကို အပြန်အလှန်ညှိနှိုင်းဖြေလျှော့ပေးနိုင်မယ့် မက်လုံးပေးဆွဲဆောင်မှု မူဝါဒမျိုးကို အမြော်အမြင်ရှိရှိ ပြောင်းလဲအသုံးပြုရမှာဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

**Ref: SCMP**

ထက်မြတ်

# ကမ္ဘာဦးကာလ ရေလည်ပတ်မှုဖြစ်စဉ်က လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၁ ဘီလီယံကတည်းက စတင်ခဲ့ဟုဆို



**ကန်ဘာရာ၊ သီပွဲ**

ကမ္ဘာဦးကာလ ရေလည်ပတ်မှုဖြစ်စဉ်သည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၁ ဘီလီယံကတည်းက စတင်ခြင်းဖြစ်ကြောင်းနှင့် ထိုအချိန်မှစ၍ ရေသည် ကမ္ဘာ့အတွင်းပိုင်း အလွှာများနှင့် မီးတောင်လှုပ်ရှားမှုများအပေါ် သက်ရောက်မှုရှိခြင်းဖြစ်ကြောင်း ဘူမိဗေဒပညာရှင်များက ရှာဖွေတွေ့ရှိထားသည်။

ဩစတြေးလျနိုင်ငံမှ ဘူမိဗေဒပညာရှင်များသည် ပီဘာရာခရေတွန်ဒေသရှိ ကမ္ဘာ့သက်တမ်းအရင့်ဆုံး မီးတောင်ကျောက်ဆောင်များကို ခွဲခြမ်းစိတ်ဖြာလေ့လာရာမှ ယခုကဲ့သို့တွေ့ရှိခြင်းဖြစ်သည်။

လေ့လာမှုများအရ ထိုအချိန်မှစ၍ ရေသည် ကမ္ဘာ့မြေမျက်နှာပြင်အောက် အနက်ရှိုင်းဆုံးနေရာများသို့ စီးဆင်းဝင်ရောက်ပြီး လက်ရှိ ပစိဖိတ်မီးကွင်းဒေသတွင် တွေ့ရသည့် မီးတောင်များကဲ့သို့ဖြစ်ပေါ်လာစေရန် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း အထောက်အထားများ တွေ့ရှိရသည်။

ယခုတွေ့ရှိချက်သည် ကမ္ဘာ၏ အတိတ်ကာလကို သိမြင်နိုင်မည့် ရှားပါးအခွင့်အရေးဖြစ်ကြောင်း၊ တိုက်ကြီးများဖြစ်ပေါ်ပုံနှင့် သက်ရှိများဖြစ်တည်ရန် လိုအပ်သည့် အခြေခံအချက်များကိုနားလည်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **Ref: Xinhua**

# အမေရိကန်နှင့် အီရန်တို့ကြား တိုက်ခိုက်မှုများ အပြန်အလှန်လုပ်ဆောင်




**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်က အီရန်၏ပစ်မှတ် ၈၀ ကျော်ကို တိုက်ခိုက်ခဲ့ပြီးနောက် အီရန်၏အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်ဖွဲ့ကလည်း ဘာရိန်းနှင့်ကူဝိတ်နိုင်ငံတို့ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာနေရာ ၈၅ ခုကို တိုက်ခိုက်ခြင်းအားဖြင့်နှစ်နိုင်ငံကြား တိုက်ခိုက်မှုပြန်လည်လုပ်ဆောင်လာကြောင်းသိရသည်။

အမေရိကန်အလယ်ပိုင်းဒေသ စစ်ဌာနချုပ်က ဇူလိုင်လ ၇ ရက် ညပိုင်းတွင်အီရန်နိုင်ငံရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ကမ်းရိုးတန်းရေဒါစခန်းများနှင့် သင်္ဘောဖျက်ဒုံးကျည်စခန်းများအပါအဝင် ပစ်မှတ် ၈၀ ကျော်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်သည်။

ဟော်မုဇ်ရေလက်ကြားအတွင်း ကုန်သွယ်သင်္ဘောသုံးစင်း တိုက်ခိုက်ခံရအပြီးတွင် အမေရိကန်က ယခုကဲ့သို့ တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းအပြင် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း အီရန်၏ရေနံရောင်းချခွင့်လိုင်စင်ကိုရုပ်သိမ်းလိုက်သည်။ အမေရိကန်သမ္မတကလည်း အီရန်နှင့်အပစ်အခတ်ရပ်စဲရေးပြီးသွားပြီဟုပြောထားသည်။ ဇူလိုင်လ ၈ ရက်တွင် အီရန်က အမေရိကန်စစ်ဘက်ပစ်မှတ်များကို ပြန်လည်တိုက်ခိုက်ကာ အမေရိကန်၏ MQ-9 Reaper ဒရုန်းတစ်စင်းကိုလည်း ပစ်ချခဲ့ကြောင်းသိရသည်။ **Ref: Xinhua**

# ရေပြင်ပူနွေးမှု၊ အက်စစ်ဓာတ်မြင့်မားမှုနှင့် ရေမျက်နှာပြင် မြင့်တက်လာမှုတို့က ပစိဖိတ်အနောက်တောင်ပိုင်းကို ခြိမ်းခြောက်နေ

**စင်ကာပူ၊ ရာသီဥတု**

သမုဒ္ဒရာရေပြင်ပူနွေးမှု၊ အက်စစ်ဓာတ်မြင့်မားမှုနှင့် ရေမျက်နှာပြင်မြင့်တက်လာမှုတို့က ပစိဖိတ်အနောက်တောင်ပိုင်းဒေသအပေါ် ခြိမ်းခြောက်နေကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ပစိဖိတ်သမုဒ္ဒရာ၏အနောက်တောင်ပိုင်းရှိ ရေပြင်၏ ၂၀၂၅ ခုနှစ်အတွင်း ပျမ်းမျှအပူချိန်မှာ ၁၉၉၁-၂၀၂၀ ပြည့်နှစ်ကာလအတွင်း ပျမ်းမျှအပူချိန်ထက် သုည ဒသမ ၃၇ ဒီဂရီစင်တီဂရိတ်မြင့်တက်လာနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ သမုဒ္ဒရာအပူချိန်က ရေရှည်မြင့်တက်လာမှုသည် ပိုမိုပြင်းထန်ပြီး အချိန်ပိုမိုကြာမြင့်သည့် အဏ္ဏဝါအပူလှိုင်းများ ကြိမ်ဖန်များစွာဖြစ်ပွားလာမည်ဖြစ်ကြောင်း ပညာရှင်များကပြောသည်။

ထို့နောက် ယင်းအခြေအနေမှ တစ်ဆင့် အဏ္ဏဝါဂေဟစနစ်များ အတွက်သာမက ထိုစနစ်အပေါ် မှီခိုနေသော လူ့အဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်းများအတွက်ပါ ဆိုးဝါးသောအကျိုးဆက်များကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ၁၉၉၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပစိဖိတ်သမုဒ္ဒရာအနောက်တောင်ပိုင်း၏ ပင်လယ်ရေမျက်နှာပြင်က တစ်နှစ်လျှင်ပျမ်းမျှ ၃ ဒသမ ၇ မီလီမီတာနှုန်းဖြင့် မြင့်တက်လာပြီး ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုများပြားလာခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် ပင်လယ်ရေပြင်၏ pH တန်ဖိုးသည်လည်း သမိုင်းကြောင်းတစ်လျှောက်လုံးတွင် အနိမ့်ဆုံးသို့ ရောက်ရှိလာပြီး အက်စစ်ဓာတ်မြင့်မားလာသည်ကိုတွေ့ရကြောင်း သိရသည်။

**Ref: Xinhua**



# အမေရိကန်နိုင်ငံ အနေဖြင့် စပိန်နှင့် ကုန်သွယ်မှုများ ချက်ချင်းရပ်ဆိုင်းရန် ထရမ့်အမိန့်ပေး

**အန်ကာရာ၊ စီးပွားရေး**

အမေရိကန်အနေဖြင့် စပိန်နှင့် အပြန်အလှန်သွားလာလည်ပတ်မှုများအပါအဝင် နှစ်နိုင်ငံကြား ကုန်သွယ်မှုလုပ်ငန်းအားလုံးကို ချက်ချင်းရပ်ဆိုင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင်လ ၈ ရက်တွင်အမိန့်ပေးလိုက်ကြောင်း သိရသည်။

တူရကီယဲနိုင်ငံ အန်ကာရာမြို့၌ ကျင်းပနေသည့် NATO တပ်ဖွဲ့၏ ထိပ်သီးအစည်းအဝေးအတွင်း NATO မဟာမိတ်အဖွဲ့တွင် စပိန်၏ ပူးပေါင်းပါဝင်မှုအားနည်းချက်ကို ထရမ့်က ပြင်းပြင်းထန်ထန်ဝေဖန်ပြီးနောက် ယခုကဲ့သို့ အမိန့်ပေးလိုက်ခြင်းဖြစ်သည်။

ထရမ့်သည် NATO တပ်ဖွဲ့၏ အတွင်းရေးမှူးချုပ် မာ့ရုနှင့်အတူ သတင်းထောက်များနှင့် တွေ့ဆုံစဉ် "စပိန်ဟာ အကျိုးမရှိတဲ့နိုင်ငံတစ်ခုပါ။ ကျွန်တော်တို့ စပိန်နဲ့ ဘယ်လိုကုန်သွယ်မှုမျိုးကိုမှ ဆက်မလုပ်ချင်တော့ပါဘူး" ဟု ပြောခဲ့ခြင်းဖြစ်သည်။ ထို့နောက် အမေရိကန်သမ္မတသည် ၎င်း၏အစိုးရအဖွဲ့အား စပိန်နှင့် ကုန်သွယ်ရေးဆက်ဆံမှုများကို ဖြတ်တောက်သွားရန် တရားဝင်ညွှန်ကြားခြင်းဖြစ်သည်။

မကြာသေးမီက စပိန်နိုင်ငံသည် NATO တပ်ဖွဲ့၏ သတ်မှတ်ချက်အသစ်ဖြစ်သော နိုင်ငံ့ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းကို စစ်အသုံးစရိတ်အဖြစ်သုံးစွဲရန် တောင်းဆိုချက်ကိုငြင်းဆန်ထားသည်။ ထို့ပြင် အီရန်နှင့်ဖြစ်ပွားသောစစ်ပွဲအတွင်း စပိန်က ၎င်း၏ လေဟာပြင်ပိုင်နက်အသုံးပြုမှုကိုလည်း ခွင့်ပြုရန် ငြင်းဆန်ထားကြောင်း သိရသည်။ **Ref: Xinhua**

# မုန်တိုင်းများကိုစောင့်ကြည့်ရန် အာရုံခံကိရိယာတပ် ပင်လယ်လိပ်များအသုံးပြု



**ဆစ်ဒနီ၊ နည်းပညာ**

သိပ္ပံပညာရှင်များ လက်လှမ်းမမီနိုင်သော ပင်လယ်ပြင်နက်များမှ အရေးကြီးသော အချက်များကို ကောက်ယူရန် ဩစတြေးလျနိုင်ငံမှ သုတေသီများသည် ခြေရာခံကိရိယာများနှင့် သမုဒ္ဒရာတိုင်းတာရေးအာရုံခံကိရိယာများ တပ်ဆင်ထားသည့် ပင်လယ်လိပ်များကို အသုံးပြုကာ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများကို စောင့်ကြည့်ပြီး ခန့်မှန်းချက်များကို ပိုမိုတိကျစွာ မြှင့်တင်နိုင်ရန် ဆောင်ရွက်နေကြောင်းသိရသည်။

မုန်တိုင်းနောက်လိုက် ပင်လယ်လိပ်များက စုဆောင်းပေးနေသည့် အချက်အလက်များသည် မုန်တိုင်းခန့်မှန်းချက်စနစ်ကိုပြောင်းလဲပစ်နိုင်ပြီး မုန်တိုင်းရာသီအတွင်း ပြည်သူများကိုပိုမိုဘေးကင်းကာ ကြံ့ကြံ့ခံနိုင်ရည်ရှိစေမည်ဖြစ်ကြောင်းနှင့် ကြိုတင်ကာကွယ်မှုများလုပ်နိုင်စေမည်ဖြစ်ကြောင်း နယူးဆောက်ဝေးတက္ကသိုလ်က ဇူလိုင်လ ၈ ရက်တွင် ထုတ်ပြန်ထားသည်။ **Ref: Xinhua**

# အာရေဗျပင်လယ်ပြင်၌ ကုန်တင်လေယာဉ်တစ်စင်းပျောက်ဆုံး

**အစ္စလာမ်မာဘတ်၊ မတော်တဆ**

ဘိုးအင်းကုမ္ပဏီထုတ် ကုန်တင်လေယာဉ်တစ်စင်းသည် အာရေဗျပင်လယ်အထက်၌ပျံသန်းနေစဉ် လေကြောင်းထိန်းချုပ်ရေးစင်တာနှင့် အဆက်အသွယ်ပြတ်တောက်ကာ ပျောက်ဆုံးနေကြောင်းသိရသည်။ လေယာဉ်သည် ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်ကမ်းလွန်တွင် ပျောက်ဆုံးသွားခြင်းဖြစ်သည်။

အဆိုပါကုန်တင်လေယာဉ်တွင် လေယာဉ်အမှုထမ်းငါးဦးလိုက်ပါသွားကြောင်းနှင့် ယခုအခါ ပါကစ္စတန်မှတာဝန်ရှိသူများက အဆက်အသွယ်ပြတ်တောက်သွားသည့် လေယာဉ်ကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများ၏ ပြောဆိုမှုကိုကိုးကား၍ သတင်းဌာနကဖော်ပြထားသည်။

**Ref: Xinhua**

# တောင်ကြီးမြို့၌ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၏ သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ



တောင်ကြီး ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက သုံးထပ်ကျောင်းဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “မြန်မာ့ကျောင်း” သီချင်းဖြင့်သီဆိုပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက်အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ရှမ်းအကနှင့် ပအိုဝ်းအကဖြင့်ဖျော်ဖြေပြီး Royal Aungban Co.,Ltdမှ သုံးထပ်ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများအပ်နှံလွှဲပြောင်းပေးအပ်ရာ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ယဉ်မင်းစုက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဘင်ခရာ၊ ပန်းဖွားနှင့်ဖျော်ဖြေရေး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

အဆိုပါ ပေ ၁၁၀၊ ပေ ၃၀ ရှိ သုံးထပ်ကျောင်းဆောင်သစ်သည် L-Shape ပုံစံ RCC သုံးထပ်ကျောင်းဆောင်အမျိုးအစားဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၃၇ ဒသမ ၇၉၇ ကျပ်သန်းဖြင့် Royal Aungban Co.,Ltd.မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် စတင်တည်ဆောက်၍ ၂၀၂၆ ခုနှစ် မတ်လ ၂၄ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ (၄၀၅)

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



ဘားအံ ဇူလိုင် ၈

ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက် ၉ နာရီတွင် ဘားအံမြို့နယ် အိန္ဒူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပွဲတော်ကိုဖွင့်လှစ်ပေးကြပြီး ပါဝင်အားဖြည့်ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲများ၊ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ကြသည်၊

ယင်းနောက် ကျောင်းစာကြည့်တိုက်၌ ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



နေပြည်တော် ဇူလိုင် ၈

ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းရန် ရည်ရွယ်ချက်ဖြင့် ယဉ်ထိန်းရဲတပ်ဖွဲ့မှ ပြည်သူလူထုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၀၀ ဦးအား ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် နေပြည်တော်ရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး မှုခင်းသရုပ်ပြယာဉ်ကြီးဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းတို့ဆောင်ရွက်ခဲ့ရာ ယာဉ်ထိန်းရဲ ရဲမှူးဘချစ်၊ ဒုတိယရဲမှူးကျော်ခိုင်နှင့် ရဲအုပ်မင်းထွေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်များဝေငှကြသည်။

ဆက်လက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှ ရဲမှူးရန်နိုင်၊ ထုံးဘိုမြို့မရဲစခန်းစခန်းမှူး ဒုတိယရဲမှူးမောင်မောင်သိန်း၊ ရဲအုပ်နေမျိုးလင်းတို့က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောကြောင်း သိရသည်။ **မြဝတီ**

## မြတ်ဆရာသို့ကန်တော့ပန်း

○ မေတ္တာတွေအနန္တ
ဝေမျှတဲ့ ကျေးဇူးရှင်။
အခါခါ လက်စုံမိုးလို့
ရှိခိုးဦးတင်။
လျှောက်ရမည့် လမ်းကိုထွင်
ပန်းစုံလင် သူပျိုး။
ဥယျာဉ်မှာ ရောင်စုံလွှမ်းလို့
လန်းဆန်းမညှိုး။

○ တပည့်ရယ် သူမရှား
မြောက်မြားလှ စေတနာ။
မုဒိတာ ပီတိပွား
အားရှိအခါခါ။
ထားရှိအပ် နာသုံးနာ
ကရုဏာ ရင်မှာထား။
အကြင်နာ အရင်းစစ်မို့
ချစ်စိတ်တွေပွား။

○ ဝလုံးကို ဝိုင်းအောင်ရေးဖို့
သင်ပေးတဲ့ မြတ်ဆရာ။
ကျင့်မူရာ စာရိတ္တ
ပြည့်ဝဖို့ပါ။
လူတော်နဲ့ လူကောင်းသာ
ဖြစ်ဖို့ရာ လမ်းညွှန်ပေး။
မြတ်ဆရာ ဂုဏ်ကျေးဇူးက
ထူးလှတယ်လေး။

○ ဆရာဟူဆိုသည်က
ပမာပြ နှိုင်းစရာ။
အနစ်နာခံ နှလုံးသားနဲ့
ဓားသွေးကျောက်ပါ။
ဓားအသွား ထက်ဖို့ရာ
တိုက်သွေးတာမှုနိုင်ဘူး။
ဓားကောင်းတွေ အသွားထက်တော့
အားတက်ကြည်နူး။

○ ဤကမ္ဘာ ဤလောက
တုနှိုင်းပြ ဆိုစရာ။
စကြဝဠာ အနန္တထက်
ပိုလှပေတာ၊
သတိရ အခါခါ
လက်ဆယ်ဖြာ ထိပ်မှာမိုး။
နေ့စဉ်သာ ဂုဏ်အထူးကိုလ
ဦးခိုက်ရှိခိုး။ ။

**ကိုကျော်စွာ(ကျိုက်ပိ)**

**▲ ကျောဖုံးမှအဆက်**

ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင်အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတ တိုးပွားစေရန်၊ ပြင်ပစာပေများကို လေ့လာဖတ်ရှုကြစေရန် ရည်ရွယ်၍ကျောင်းသား၊ ကျောင်းသူများဖတ်ရှုလေ့လာနိုင်ရန် သုတ၊ ရသ၊ မဂ္ဂဇင်းစသည့်စာအုပ်များငှားရမ်းပေးခဲ့ပြီး နှစ်ပတ်တစ်ကြိမ်စာအုပ်များပြန်လည်အပ်နှံခြင်းနှင့် အသစ်လဲလှယ်ထားရှိသောစာအုပ်များအား ထပ်မံငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **လှဝင်း**

# (၇၉)နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံး ကဗျာပြိုင်ပွဲ မြို့နယ်အဆင့်ကျင်းပ



**နေပြည်တော် ဇူလိုင် ၈**

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဇူလိုင်လ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ပြိုင်ပွဲကို "အာဇာနည်တို့စွန့်ခဲ့သည့် အသက် ကာကွယ်စောင့်ရှောက်ကြစို့ ပြည်ထောင်စုအသက်"ခေါင်းစဉ်ဖြင့် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံး ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား၊ ကျောင်းသူ ၃၄ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံး "သမိုင်းမော်ကွန်း မပြယ် အာဇာနည်နေ့အဓိပ္ပာယ်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၅၄ ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "ဇာတိသွေး ဇာတိမာန်နှင့် အာဇာနည်" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "မမေ့နိုင်သောဇူလိုင် တစ်ဆယ့်ကိုး" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား၊ ကျောင်းသူ ၄၄ ဦး စုစုပေါင်း ၁၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

**မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**



# နေပြည်တော်မြို့တွင်းခရီးစဉ် မြို့မဈေး-သပြေကုန်း-ဘောဂသီရိသို့ EV Bus ယာဉ်များ ပြေးဆွဲ

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း သွားလာမှု အဆင်ပြေစေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဇူလိုင်လ ၆ရက်မှစတင်ပြီး ရာဇာမင်းယာဉ်လိုင်းမှ Yangton အမျိုးအစား EV Bus ယာဉ်သစ်ကြီးများဖြင့် နေပြည်တော်-ပျဉ်းမနားခရီးစဉ်စတင်ပြေးဆွဲပေးလျက်ရှိသည်။

ခရီးစဉ်လမ်းကြောင်းများမှာ နေပြည်တော်မြို့မဈေး၊ Naypyitaw State Academy၊ သပြေကုန်း၊ စည်ပင်ဥယျာဉ်ရိပ်သာ၊ ပျဉ်းမနားဆင်ရုပ်၊ မြင်းရုပ်၊ နှင်းဆီပန်းအဝိုင်း၊ ဘောဂသီရိကားကွင်းသို့ ပျဉ်းမနား-တောင်ညိုလမ်းအတိုင်းပြေးဆွဲပေးသည်။

အဆိုပါ EV Bus ယာဉ်ကြီးသည်နေ့စဉ် နံနက် ၆ နာရီတွင် မြို့မဈေးမှ လမ်းကြောင်းအတိုင်း စတင်ပြေးဆွဲပြီး နံနက် ၈ နာရီတွင် ဘောဂသီရိကားကွင်းမှ လမ်းကြောင်းအတိုင်းပြန်ထွက်ခွာပြေးဆွဲသည်။

အလားတူ နံနက် ၁၀ နာရီတွင် မြို့မဈေးမှလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ဘောဂသီရိကားကွင်းမှလည်းကောင်းလမ်းကြောင်းအတိုင်း တစ်ရက်လေးကြိမ်ပြေးဆွဲပေးပြီး ယာဉ်စီးခမှာ အတက်၊ အဆင်း ဂိတ်စ၊ ဂိတ်ဆုံး ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေးကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများဆောင်ရွက်ရန်၊

(၇) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့်အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်းမပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက်ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများအပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(၁၀) တောဝက်နှင့်အိမ်မွေးဝက်များရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့်အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့်ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအားလုံးလိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ရက် ၁၀၀ စီမံချက်နှင့် နှလုံးရောဂါအန္တရာယ် ကြိုတင်ကာကွယ်ခြင်း

**ပါမောက္ခ ဒေါက်တာနွယ်နွယ်**

နှလုံးရောဂါသည် ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးရောဂါဖြစ်သည်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် နှလုံးသွေးကြောရောဂါကြောင့် သေဆုံးမှုနှစ်ဆနီးပါးတိုးလာခဲ့သည်။ အချိန်မတိုင်မီသေဆုံးမှုများ၏ ငါးပုံတစ်ပုံသည် နှလုံးသွေးကြောရောဂါကြောင့်ဖြစ်သည်။ ထို့ကြောင့် နှလုံးသွေးကြောရောဂါများကို ကြိုတင်ကာကွယ်ခြင်း၊ စောစီးစွာရှာဖွေဖော်ထုတ်ခြင်းနှင့် အချိန်မီထိရောက်စွာကုသမှုပေးနိုင်ခြင်းသည်ပြည်သူ့ကျန်းမာရေးကဏ္ဍ၏ အရေးကြီးသောဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်လာသည်။




ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့်နည်းပညာကုမ္ပဏီ (Benefm) မှ AI ECG Suit and Patch

နှလုံးသွေးကြောရောဂါများကို လျှော့ချနိုင်ရေးအတွက် ကျန်းမာသောလူနေမှုပုံစံများကို မြှင့်တင်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးမှုလျှော့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတွင်းအဆီဓာတ်မြင့်မားခြင်းတို့ကို စောစီးစွာရှာဖွေဖော်ထုတ်၍ ထိန်းချုပ်ကုသခြင်းတို့သည် အရေးကြီးသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအကြား ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းနှင့် မကူးစက်နိုင်သောရောဂါများကို စောစီးစွာရှာဖွေစစ်ဆေးနိုင်ရေးအတွက် အဆင့်ဆင့်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်များမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နှလုံးရောဂါကို စနစ်တကျကုသနိုင်ရန်အတွက် အထူးကုသမှုနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် နှလုံးရောဂါဝေဒနာရှင်များအတွက် လိုအပ်သောကုသမှုများဖြစ်သည့် နှလုံးသွေးကြောချဲ့ခြင်း၊ နှလုံးခုန်နှုန်းမမှန်သော ရောဂါများအတွက် အပူလှိုင်းပေးကုသခြင်း၊ နှလုံးနှိုးစက်တပ်ဆင်ခြင်း၊ နှလုံးအစို့ရှင်ချဲ့ပေးခြင်း၊ မွေးရာပါနှလုံးရောဂါများကိုပြုပြင်ပေးခြင်း၊ နှလုံးသွေးကြောရောဂါကို ခွဲစိတ်ကုသခြင်း၊ နှလုံးအစို့ရှင်ရောဂါကို အစို့ရှင်အတုတပ်ပေးခြင်း၊ မွေးရာပါ နှလုံးရောဂါများကိုခွဲစိတ်ကုသပေးခြင်း၊ သွေးကြောရောဂါခွဲစိတ်ကုသပေးခြင်းတို့ကို မြန်မာနိုင်ငံအတွင်းမှာပင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့ဆေးရုံကြီးများ၊ တပ်မတော်ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံအချို့တွင် ဆောင်ရွက်ပေးနေသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ နှလုံးရောဂါဆေးပညာပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ဦးဆောင်သည့် နှလုံးရောဂါဆေးကုဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး ကလေးနှလုံးရောဂါကုဌာနကို ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန် (ရန်ကင်း) တွင် ဖွင့်လှစ်ကာ မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင်များကို ကုသပေးလျက်ရှိသည်။ ခေတ်မီစက်ကိရိယာဖြစ်သည့် နှလုံးသွေးကြောစမ်းသပ်ကုသစက် (Cardiac Catheterization Lab) ကို အဆိုပါဆေးရုံကြီးများ၌ ဖွင့်လှစ်ကာ ခွဲစိတ်စရာမလိုအပ်ဘဲ နှလုံးသွေးကြောမှတစ်ဆင့် နှလုံးသွေးကြောချဲ့ခြင်းအပါအဝင် နိုင်ငံတကာအဆင့်မီကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် အသက်အန္တရာယ်ကြီးမားသော ရုတ်တရက်နှလုံးသွေးကြောပိတ်သည့် လူနာများအတွက် အရေးပေါ်နှလုံးသွေးကြောချဲ့ခြင်းကို ၂၄ နာရီ ဝန်ဆောင်မှုအဖြစ် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပိုမိုရှုပ်ထွေးသော နှလုံးခွဲစိတ်ကုသမှုများအတွက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန်(ရန်ကင်း)တို့တွင် နှလုံးနှင့်သွေးကြောခွဲစိတ်ကုသဌာနများကိုဖွင့်လှစ်ကာ ရင်ခေါင်းဖွင့်၍ နှလုံးနှင့်သွေးကြောခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး နှလုံးအစို့ရှင်အစားထိုးခြင်း (Valve Replacement)၊ မွေးရာပါနှလုံးအပေါက်ပိတ်ခြင်းနှင့် နှလုံးသွေးကြောလမ်းကြောင်းပြောင်းလဲခြင်း (CABG – Bypass Surgery) စသည့် ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မှတ်တမ်းအချက်အလက်များအရ ကျန်းမာရေးဝန်ကြီးဌာန၏လက်အောက်ရှိ ပြည်သူ့ဆေးရုံကြီးများတွင် နှလုံးရောဂါဆေးကုအထူးကုဆရာဝန်များမှ တစ်နှစ်လျှင် စုစုပေါင်း လူနာ ၅၇၀၀ မှ ၆၀၀၀ နီးပါးခန့်၊ နှလုံးရောဂါခွဲစိတ်ကုဆရာဝန်များမှ တစ်နှစ်လျှင် စုစုပေါင်းလူနာ ၁၈၀၀ ခန့် ကုသမှုပေးနေသည်ကိုတွေ့ရှိရပြီး ပြည်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ နှလုံးရောဂါကုသမှုများကို ပြည်တွင်း၌ ကုန်ကျစရိတ်သက်သာစွာဖြင့် ကုသမှုခံယူနိုင်လျက်ရှိသည်။

ထိုကဲ့သို့ ထိရောက်သောကုသမှုများကို အချိန်မီရရှိနိုင်ရန်အတွက် နှလုံးရောဂါများကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်ရေးနှင့် နှလုံးရောဂါဝေဒနာရှင်များ နှလုံးရောဂါကြောင့် ရုတ်တရက်နှလုံးရပ်သေဆုံးခြင်းမှကာကွယ်ရန်၊ နှလုံးရောဂါကြောင့် နှလုံးလုပ်အားကျဆင်းပြီး နာတာရှည်နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ရန်၊ နှလုံးစည်းချက်မမှန်ခြင်းကြောင့် ရုတ်တရက်သွေးကြောပိတ်လေဖြတ်ခြင်းမှ ကာကွယ်ရန်တို့အတွက် လူတိုင်းလက်လှမ်းမီသော နှလုံးကျန်းမာရေးစစ်ဆေးမှုများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်သည်။ အထူးသဖြင့် အီးစီဂျီ (ECG) စစ်ဆေးမှုသည် နှလုံးရောဂါနှင့် နှလုံးစည်းချက်မမှန်ခြင်းများကို စောစီးစွာရှာဖွေဖော်ထုတ်ရာတွင် အရေးပါသော စစ်ဆေးရေးနည်းလမ်းတစ်ခုဖြစ်သည်။ နည်းပညာတိုးတက်လာသည်နှင့်အမျှ ဉာဏ်ရည်တု (AI) နှင့် တွဲဖက်ထားသော အီးစီဂျီကို လုပ်ဆောင်ပေးခြင်းအားဖြင့် ပိုမိုတိကျသောခန့်မှန်းမှုမျိုးကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက အစိုးရသစ်၏ ပြည်သူအတွက် ရက်ပေါင်း ၁၀၀ အတွင်း စတင်ဆောင်ရွက်နေသော စီမံချက်တစ်ခုဖြစ်သည့် နှလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ်စီမံချက်ကို မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုစီမံချက်တွင် နှလုံးရောဂါအန္တရာယ်ကို ပိုမိုတိကျစွာခန့်မှန်းနိုင်ရန်အတွက် ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့်နည်းပညာကုမ္ပဏီ Benefm မှ ထုတ်လုပ်သည့် AI နည်းပညာ




AI ECG ဝတ်စုံ ဝတ်ဆင်ခြင်း

သုံး သက်သောင့်သက်သာဝတ်ဆင်နိုင်သော ECG ဝတ်စုံ (Wearable ECG device)ဖြင့် ၂၄ နာရီ အီးစီဂျီစမ်းသပ်မှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုစီမံချက်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် ကန်သာယာဆေးရုံတို့တွင် လူဦးရေတစ်သိန်းကို တစ်နှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နှလုံးရောဂါရှိပြီးသူများ၊ နှလုံးရောဂါဖြစ်နိုင်ခြေရှိသူများ၊ နှလုံးခုန်နှုန်းနှေးခြင်း၊ မြန်ခြင်း၊ စည်းချက်မမှန်ခြင်းများကို ခံစားနေရသူများအား ဦးစားပေးတပ်ဆင်စစ်ဆေးပေးသွားမည်ဖြစ်သည့်အပြင် မွေးရာပါနှလုံးရောဂါရှိသူများ၊ မျိုးရိုးဗီဇကိုလိုက်၍ ဖြစ်ပေါ်တတ်သော နှလုံးရောဂါရှိသူများ၊ မိသားစုအတွင်း နှလုံးရုတ်တရက်ရပ်၍ သေဆုံးသည့် ရာဇဝင်ရှိသူများကိုလည်း တပ်ဆင်စစ်ဆေးသွားမည်ဖြစ်သည်။ ထို့မှတစ်ဆင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကို တာဝန်ယူနေရသော လေယာဉ်မောင်းသူများ၊ ခရီးသည်တင်ယာဉ်မောင်းများ၊ ကုန်ပစ္စည်းတင်ယာဉ်မောင်းများ၊ ရထားမောင်းသူများ၊ စက်ရုံ အလုပ်ရုံများတွင် စက်ယန္တရားများဖြင့် လုပ်ကိုင်နေရသူများနှင့် အားကစားသမားများတွင် နှလုံးရောဂါအန္တရာယ်ကြိုတင်သိရှိရန်လိုအပ်ပါက တပ်ဆင်စစ်ဆေးပေးမည်ဖြစ်သည်။

ထိုသို့တပ်ဆင်စစ်ဆေးခြင်းဖြင့် နှလုံးရောဂါရှိသူများတွင် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် အသက်အန္တရာယ်ရှိသော နှလုံးစည်းချက်မြန်ခြင်း၊ ရုတ်တရက်နှလုံးရပ်သွားခြင်း၊ စည်းချက်မမှန်ခြင်းများကို ကြိုတင်သိရှိနိုင်ပြီး လိုအပ်သောကုသမှုများကို အချိန်မီဆောင်ရွက်ပေးနိုင်ပါက နှလုံးရောဂါဖြင့် သေဆုံးမှုနှုန်းကို ကျဆင်းနိုင်မည်ဖြစ်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် အစိုးရအသစ်၏ ရက်ပေါင်း ၁၀၀ အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့်

- မြန်မာနိုင်ငံတွင် AI နည်းပညာသုံး ECG ဖြင့် နှလုံးရောဂါအန္တရာယ်စောင့်ကြည့်အကဲဖြတ်ခြင်းစနစ်တစ်ခုတည်ဆောက်နိုင်ခြင်း၊
- တိုးတက်လာသောခေတ်မီနည်းပညာများအား ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် လက်တွေ့အသုံးချနိုင်ခြင်းဖြင့် နှလုံးရောဂါနှင့်ပတ်သက်၍ ဆောလျင်စွာသိရှိနိုင်ခြင်း၊ ကုသမှုကိုလည်း အချိန်မီဖြည့်ဆည်းပေးနိုင်ခြင်း၊
- နှလုံးရောဂါနှင့်ပတ်သက်၍ အဖြစ်များသောရောဂါများကို လေ့လာဆန်းစစ်နိုင်ပြီး ပိုမိုကောင်းမွန်သော ကြိုတင်ကာကွယ်ရေးစနစ်အား ထူထောင်နိုင်ခြင်း၊
- မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပိုမိုချစ်ကြည်ရင်းနှီးမှုနှင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေလျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် ဉာဏ်ရည်တု(AI)နှင့် ပေါင်းစပ်အသုံးပြုသော အီးစီဂျီနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ခြင်းအားဖြင့် နှလုံးရောဂါအန္တရာယ်ကို စောစီးစွာကြိုတင်ခန့်မှန်းဖော်ထုတ်နိုင်မည်ဖြစ်ပြီး အချိန်မတိုင်မီသေဆုံးမှုများကို လျှော့ချကာ ပြည်သူများ၏ နှလုံးကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

အိမ်ပြင်ပ၌ထွန်းထားသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

# ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ညောင်ရွှေ ဇူလိုင် ၈

ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန် ရည်ရွယ်၍ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စိုင်းဝမ်းလှိုင်းတစ်ပ်၊ ပြည်နယ်အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်တင်တင်ရီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)တို့က စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုမှတ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူက ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ စာဖတ်စွမ်းရည်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတ လေ့လာဆည်းပူးနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ မိုင်းသောက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီးနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ အလှူငွေများနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မိုင်းသောက်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်အတွင်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုအဖြစ် စာကြည့်တိုက်ပညာသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ညောင်ရွှေမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး စာပေပညာရှင်များ၊ အကဲဖြတ်ဒိုင်များကို အမှတ်တရဂုဏ်ပြုလက်ဆောင်များနှင့် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကြောင်းသိရသည်။

မင်းသန့်(ပြန်/ဆက်)

# ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ အာမခံကြေး ဘတ် ၁၁၀၀၀၀၀ ထုတ်ယူနိုင်ရေး အလုပ်သမားသံအရာရှိရုံးကူညီ


ရန်ကုန် ဇူလိုင် ၈

ထိုင်းနိုင်ငံလယောင်၌ယာဉ်မတော်တဆမှုဖြစ်၍ အသက်ဆုံးရှုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှအာမခံကြေးငွေဘတ်၁၁၀၀၀၀၀ အား ထုတ်ယူနိုင်ရေး ကူညီပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှသိရသည်။

ထိုင်းနိုင်ငံ လယောင်၌ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ယာဉ်မတော်တဆဖြစ်ရာမှ အသက်ဆုံးရှုံးခဲ့ရကြောင်း၊ သေဆုံးခဲ့သည့် အလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ ရသင့်ရထိုက်သည့်အာမခံကြေးငွေ ဘတ် ၁၁၀၀၀၀၀ အား ထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး ယမန်နေ့က အလုပ်သမားသံအရာရှိရုံး၌ မိခင်ဖြစ်သူထံသို့ ပေးအပ်ခဲ့သည်။

အလုပ်သမားသံအရာရှိရုံး အနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေးအာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်း၍ ကူညီပေးလျက်ရှိကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အလုပ်သမားသံအရာရှိရုံး(Call Center) 020030015၊ အလုပ်သမားသံမှူး(ဗန်ကောက်) 061810–8454၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်) 0626890119၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်) 0652206952၊ အလုပ်သမားသံအရာရှိ(မဲဆောက်) 0652206953၊ အလုပ်သမားသံအရာရှိ(ချင်းမိုင်) 0945866607၊ အလုပ်သမားသံအရာရှိ(ရနောင်း) 063–4818121 တို့သို့ အကူအညီတောင်းခံ တိုင်ကြားနိုင်ကြောင်းသိရသည်။

MT




# Mobile Library Bus ဖြင့် သုတ၊ ရသစာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယမန်နေ့က မြို့နယ်သစ်တောဦးစီးဌာနရုံးနှင့် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး Mobile Library Bus ဖြင့် သုတ၊ ရသစာအုပ်စာစောင်များ ငှားရမ်းပေးသည်။

အဆိုပါ Mobile Library Bus တွင် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် စာဖတ်သူအကြိုက် စာအုပ်စာစောင်များတင်ဆောင်၍ နှစ်ပတ်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက အထူးနှစ်သက်လျက်ရှိသည်။

ထို့ပြင် အသိပညာ ဗဟုသုတများစွာရရှိစေမည့် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ငှားရမ်းပေးခြင်း၊ ငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

# ထားဝယ်မြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇူလိုင် ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်သည့် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ထားဝယ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းညွှန့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များက ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး ဒုတိယဆုရရှိသည့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းအား တစ်ဦးချင်းဆုနှင့်ငွေသားဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပထမဆုရရှိသည့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအသင်းအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်စိုးက တစ်ဦးချင်းဆုနှင့်ငွေသားဆုများချီးမြှင့်ပေးအပ်ပြီး ခရိုင်ကော်မတီဥက္ကဋ္ဌ ဦးကောင်းညွှန့်က တံခွန်စိုက်ဆုဖလားပေးအပ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ပေး

မြန်အောင် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့တွင် လမင်းစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝေလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ကြသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးနိုင်ရေး အချက်အလက်များ ဖြည့်သွင်းနေမှုကို မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများက ကြည့်ရှုကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်ပြည့်နှင့် ကျေးရွာအုပ်စုများ၌ အသက် ၁၈ နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များရလဒ်နှင့် ကွာတားဖိုင်နယ်ပွဲစဉ်ဇယား

| ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များ ပွဲပြီးရလဒ် |
|---|
| ပါရာဂွေး ၀ - ၁ ပြင်သစ် |
| ကနေဒါ ၀ - ၃ မော်ရိုကို |
| ပေါ်တူဂီ ၀ - ၁ စပိန် |
| အမေရိကန် ၁ - ၄ ဘယ်လ်ဂျီယံ |
| ဘရာဇီး ၁ - ၂ နော်ဝေ |
| မက္ကဆီကို ၂ - ၃ အင်္ဂလန် |
| အာဂျင်တီးနား ၃ - ၂ အီဂျစ် |
| ဆွစ်ဇာလန် ၀ - ၀ ကိုလံဘီယာ |
| (ပယ်နယ်တီအဆုံးအဖြတ်တွင် ဆွစ်ဇာလန်အသင်း ၄ ဂိုး- ၃ ဂိုးဖြင့်အနိုင်ရရှိ) |

| ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များဇယား |
|---|
| ပြင်သစ် - မော်ရိုကို (၁၀-၇-၂၀၂၆ နံနက် ၂ နာရီခွဲ) |
| စပိန် - ဘယ်လ်ဂျီယံ (၁၁-၇-၂၀၂၆ နံနက် ၁ နာရီခွဲ) |
| နော်ဝေ - အင်္ဂလန် (၁၂-၇-၂၀၂၆ နံနက် ၃ နာရီခွဲ) |
| အာဂျင်တီးနား - ဆွစ်ဇာလန် (၁၂-၇-၂၀၂၆ နံနက် ၇ နာရီခွဲ) |



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်များအပြီးတွင် အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီက စံချိန်အများအပြားတင်ထားခဲ့ပြီး အီဂျစ်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုကိုးကြိမ်ရှိလာခဲ့သည့်အတွက် ရှစ်ကြိမ်ဖြင့်ရပ်တည်နေသည့် မာရာဒိုနာကိုကျော်ဖြတ်ပြီး ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ်လည်းကောင်း၊ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်လည်း ကိုးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ်လည်းကောင်း၊ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သွင်းဂိုး ရှစ်ဂိုးရှိလာပြီး ပြိုင်ပွဲတစ်ခုအတွင်း သွင်းဂိုးအများဆုံး ကစားသမားအဖြစ်လည်းကောင်း စံချိန်ကောင်းများ ရရှိခဲ့ပြီး လက်ရှိပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားဆုရရှိရန်အတွက်လည်း ဦးဆောင်နေကြောင်း သိရသည်။

စည်သူအောင်

# နယ်သာလန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် လီဗာပူးအသင်းနည်းပြဟောင်း အာနီဆလော့အား ခန့်အပ်ရန်နီးစပ်နေ

အမ်စတာဒမ် ဇူလိုင် ၈

နယ်သာလန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် လီဗာပူးအသင်းနည်းပြဟောင်း အာနီဆလော့အား ခန့်အပ်ရန်နီးစပ်နေကြောင်း သိရသည်။

နယ်သာလန်အသင်းနည်းပြဟောင်း ရော်နယ်ကိုးလ်မန်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို အုပ်စုပွဲစဉ်များတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ကာ အုပ်စုပထမဖြင့် ၃၂ သင်းရှုံးထွက်အဆင့်သို့တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ၃၂ သင်းရှုံးထွက်အဆင့်တွင် မော်ရိုကိုအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် နယ်သာလန်အသင်းက အသင်းနည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ အာနီဆလော့အား ခန့်အပ်ရန် ဆွေးနွေးနေခြင်းဖြစ်သည်။

နည်းပြရော်နယ်ကိုးလ်မန်းနှင့် နယ်သာလန်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၇ နှစ်အရွယ် နည်းပြ အာနီဆလော့သည် လီဗာပူးအသင်းကို ၂၀၂၄ ခုနှစ် ဇွန်လက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပထမဆုံး ဘောလုံးရာသီတွင် ရလဒ်ကောင်းများရယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက စံချိန်တင်ရလဒ်ဆိုးများတွေ့ကြုံခဲ့ပြီးနောက် ရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

နယ်သာလန်အသင်းက နည်းပြရော်နယ်ကိုးလ်မန်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ အာနီဆလော့အား ခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ လက်ရှိတွင် ခန့်အပ်ရန်နီးစပ်နေသည်။

နယ်သာလန်အသင်းက အသင်းနည်းပြသစ်အဖြစ် နည်းပြ အာနီဆလော့အား ခန့်အပ်ပြီးပါက လာမည့် ၂၀၂၈ ယူရိုပြိုင်ပွဲအထိ တာဝန်ပေးအပ်ဖွယ်ရှိကြောင်း သိရသည်။

*Ref:Fabrizio Romano*

# ပယ်နယ်တီကျိန်စာချိုးဖျက်ပြီး ဆွစ်ဇာလန်အသင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးတက်ရောက်



ဂျီနီဗာ ဇူလိုင် ၈

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားသည့် ဆွစ်ဇာလန်အသင်းနှင့် ကိုလံဘီယာအသင်းတို့ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီးနောက် ပယ်နယ်တီကျိန်စာကို ချိုးဖျက်ပြီး ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန်အသင်းသည် နိုင်ငံတကာပြိုင်ပွဲတွင် ကိုလံဘီယာအသင်းနှင့်ပွဲစဉ်မတိုင်မီက ပယ်နယ်တီအဆုံးအဖြတ်ခြောက်ပွဲတွင် ငါးပွဲအထိရှုံးနိမ့်ခဲ့ပြီး ယူရို ၂၀၂၀ ပြိုင်ပွဲတွင်သာ တစ်ကြိမ်အနိုင်ရရှိကာ ခုနစ်ပွဲမြောက်တွင်ပြန်လည်အနိုင်ရရှိခြင်းဖြစ်သည်။

ဆွစ်ဇာလန်အသင်းသည် ၁၉၅၄ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း အသင်းသမိုင်းတစ်လျှောက် ၇၂ နှစ်အတွင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးတက်ရောက်ခဲ့ကြောင်း သိရသည်။

*Ref:Fotmob*

# ကိုလံဘီယာအသင်းတွင် ပွဲအများဆုံး ကစားသမားအဖြစ် ဂျိမ်းရိုဒရီဂွက်ဇ် မှတ်တမ်းဝင်

ဝါရှင်တန် ဇူလိုင် ၈

ကိုလံဘီယာအသင်း ဝါရင့်တိုက်စစ်ကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဆွစ်ဇာလန်အသင်းနှင့် ကိုလံဘီယာအသင်းတို့ ပွဲစဉ်တွင်ပါဝင်ပြီးနောက် ကိုလံဘီယာအသင်းသမိုင်းတစ်လျှောက် နိုင်ငံတကာ ပွဲအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ဂျိမ်းရိုဒရီဂွက်ဇ်သည် ကိုလံဘီယာအသင်းနှင့်အတူ ၂၀၁၁ ခုနှစ်က စတင်ပါဝင်ကစားခဲ့ကာ ဆွစ်ဇာလန်အသင်းနှင့် ကစားသည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီး နိုင်ငံတကာပွဲပေါင်း ၁၁၁ ပွဲအထိရှိလာပြီးနောက် အသင်းသမိုင်းတစ်လျှောက်တွင် ပွဲအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဂျိမ်းရိုဒရီဂွက်ဇ်သည် အစောပိုင်းနှစ်များက အသင်းတွင် အဓိက ကစားသမားအဖြစ် ကာလရှည်ပါဝင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရပြီးနောက် တချို့ပြိုင်ပွဲများလွဲချော်ခဲ့သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြန်လည်ပါဝင်လာနိုင်ခဲ့ကာ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ကိုလံဘီယာအသင်းကစားသမားဘဝမှ အနားယူသွားမည်ဟု အတည်ပြုကြေညာထားသော်လည်း ကလပ်အသင်းကစားသမားဘဝမှအနားယူရန် ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

*Ref:Fabrizio Romano*


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၀၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်း- ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၇-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ခန္တီး | ၄ | ဒသမ | ၃၇ | လက်မ | ဘီးလင်း | ၁ | ဒသမ | ၆၅ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၃၅ | လက်မ | နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၁ | ဒသမ | ၄၆ | လက်မ |
| ပူတာအို | ၂ | ဒသမ | ၂၈ | လက်မ | လှိုင်းဘွဲ့ | ၁ | ဒသမ | ၄၆ | လက်မ |
| ညောင်လေးပင် | ၁ | ဒသမ | ၈၂ | လက်မ | မကွေး | ၁ | ဒသမ | ၃၈ | လက်မ |
| ပင်လောင်း | ၁ | ဒသမ | ၇၇ | လက်မ | ကော့ကရိတ် | ၁ | ဒသမ | ၃၈ | လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၁ | ဒသမ | ၇၃ | လက်မ | ဟားခါး | ၁ | ဒသမ | ၂၉ | လက်မ |

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ ⇛

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၆ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၀ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၈

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ စာမျက်နှာ ၁၅ ကော်လံ ၁ ❖




# တိုက်စစ်အားကောင်းသည့် ရှောဝတီအသင်း ဇွဲကပင်အသင်းကို ဂိုးပြတ်သွင်း၍အနိုင်ယူ



ရန်ကုန် ဇူလိုင် ၈

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၄)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ဇွဲကပင်အသင်းနှင့်ရှောဝတီအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရှောဝတီအသင်းက ဇွဲကပင်အသင်းကို ငါးဂိုးပြတ်သွင်း၍ အနိုင်ရရှိသွားသည်။

ရှောဝတီအသင်းသည် ပြီးခဲ့သည့်ပွဲတွင် ပြိုင်ဘက် ISPE အသင်းကိုရှုံးနိမ့်ခဲ့သည့်အတွက် ယနေ့ပွဲအနိုင်ရရှိဖို့ အကောင်းဆုံးပြင်ဆင်လာခဲ့သည်။ ဇွဲကပင်အသင်းသည် စာမျက်နှာ ၁၅ ကော်လံ ၄ ⇨

# နတ်မောက်မြို့နယ်၌ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး



နတ်မောက် ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ယနေ့မွန်းလွဲပိုင်းတွင် အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)၌ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစောင်များငှားရမ်းပေးသည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းတွင် စာအုပ်စာစောင်များငှားရမ်းပေးရာ စာမျက်နှာ ၂၄ ကော်လံ ၄ ▲

# မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား တရားမဝင်ရောင်းချခြင်းကျူးလွန်ခဲ့သည့် ခရီးသည်တင်ယာဉ်နှစ်စီးအား ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့်ပိတ်သိမ်းအရေးယူ

နေပြည်တော် ဇူလိုင် ၈

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူအကျိုးခံစားခွင့်ရရှိစေရေး YBS ယာဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်းသာပြေးဆွဲရန်နှင့် ယာဉ်စီးခကိုလည်း စာမျက်နှာ ၂၉ ကော်လံ ၃ ▼

# ရန်ကုန်မြစ်အတွင်း သာမန်ထက်ထူးကဲသော ဒီရေမြင့်တက်နိုင်၍ ကမ်းနားဒေသနေထိုင်သူများ ကြိုတင်ပြင်ဆင်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သတိပေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြစ်အတွင်း ဇူလိုင်လ ၁၄ ရက်မှ ၁၈ ရက်အထိကာလအတွင်း အခြေခံရေစံမျဉ်း အထက် ၂၀.၀၁ ပေမှ ပေ ၂၀.၇၀ အထိ သာမန်ထက်ထူးကဲသော ဒီရေတက်နိုင်သဖြင့် မြစ်ကမ်းနားဒေသများတွင် နေထိုင်သူများ စာမျက်နှာ ၁၅ ကော်လံ ၁ ◆

## ရေပြင်ပူနွေးမှု၊ အက်စစ်ဓာတ်မြင့်မားမှုနှင့် ရေမျက်နှာပြင်မြင့်တက်လာမှုတို့က ပစိဖိတ်အနောက်တောင်ပိုင်းကို ခြိမ်းခြောက်နေ

စာ - ၂၃ သို့

## အာရေဗျပင်လယ်ပြင်၌ ကုန်တင်လေယာဉ်တစ်စင်းပျောက်ဆုံး

စာ - ၂၃ သို့